# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၈၀) ၊ ၁၃၈၆ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂-၆-၂၀၂၄ ၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဂီတဖျော်ဖြေပွဲကို ခမ်းခမ်းနားနားသပ်သပ်ရပ်ရပ် ဆောင်ရွက်ခြင်းဖြင့် ဂီတအကယ်ဒမီဆုပေးပွဲအခမ်းအနားများအတွက် ရှေ့ပြေးဆောင်ရွက်ချက်တစ်ခုဖြစ်လာမည်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂီတအလွှာပေါင်းစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ရန်ကုန် ဇွန် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစည်းအဝေးခန်းမ၌ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂီတအလွှာပေါင်းစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ယာယီအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဂီတအလွှာပေါင်းစုံမှ ဂီတအနုပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ ဆွေးနွေးပွဲသို့ ဂီတအလွှာအသီးသီးမှ အနုပညာရှင်များ စုံညီစွာ တက်ရောက်လာကြသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ဂီတလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကာလတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း၊ ပါတီနိုင်ငံရေးပတ်သက်မှုများကြောင့် အနုပညာလောကကြီးတစ်ခုလုံး ယုတ်လျော့ပြီး ပြိုကျလုနီးပါးဖြစ်ခဲ့ပါကြောင်း၊ အနုပညာရှင်များသည် ပြည်သူများပျော်ရွှင်စေရန် ငိုနေသော ပြည်သူများ ပြုံးပျော်လာစေရန် တစ်နည်းအားဖြင့် အနုပညာရှင်များသည် ပြည်သူ့အတွက် ဖျော်ဖြေပေးချိန်ရောက်ရှိနေပြီဟု မြင်ပါကြောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ပြန်လည်ဖွဲ့စည်းရာတွင် ဂီတအလွှာပေါင်းစုံမှ အနုပညာရှင်များ ပါဝင်စေလိုသည့်အပြင် လူငယ်ပိုင်းအတွက် ကိုယ်စားပြုသူများလည်း ပါဝင်စေလိုပါကြောင်းနှင့် အများအကျိုးအတွက် ဆောင်ရွက်နိုင်သူများ ပါဝင်ကြစေလိုကြောင်း။

ဂီတအနုပညာရှင်များ၏ ရပိုင်ခွင့်များ ရရှိရေးအတွက်လည်း မူပိုင်ခွင့်ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ခြင်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဇွန် ၂၇ ရက်တွင် ရောက်ရှိမည့် မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ဖျော်ဖြေတင်ဆက်ရန် စီစဉ်မှုတွင် ပြည်သူတစ်ရပ်လုံးမှ မျှော်လင့်နေချိန်ဖြစ်၍ သင့်တော်ကောင်းမွန်ပါကြောင်း၊ အဆိုပါဖျော်ဖြေတင်ဆက်မှုတွင် ဂီတအလွှာပေါင်းစုံမှ ဂီတပညာရှင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ကြစေလိုပါကြောင်း၊ နိုင်ငံတော်ဘက်မှလည်း လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

**ကြိုတင်ညှိနှိုင်းဆောင်ရွက်**

ဂီတဖျော်ဖြေပွဲကို ခမ်းခမ်းနားနားသပ်သပ်ရပ်ရပ်ဆောင်ရွက်ခြင်းဖြင့် ဂီတအကယ်ဒမီဆုပေးပွဲအခမ်းအနားများအတွက် ရှေ့ပြေးဆောင်ရွက်ချက်တစ်ခု ဖြစ်လာမည်ဟု မြင်ပါကြောင်း၊ ဂီတအကယ်ဒမီဆုချီးမြှင့်နိုင်ရေး ဆုအမျိုးအစားနှင့် အရေအတွက် ဆုချီးမြှင့်ရွေးချယ်ရေးအဖွဲ့ ဆုရွေးချယ်နိုင်ရန် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို အသေးစိတ်ကြိုတင်ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဂီတလောကသားများ၏ သဘောထားမှတ်ချက်များစုစည်းပြီး ပထမဆုံးကျင်းပမည့် အခမ်းအနားကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ကြိုးပမ်းမှုမှ အားနည်းချက်များကို သုံးသပ်ပြီး ဆက်လက်ကျင်းပမှုများအတွက် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ယာယီအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တက်ရောက်လာကြသည့် အလွှာအသီးသီးမှ ဂီတအနုပညာရှင်များက မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ပြန်လည်ဖွဲ့စည်းနိုင်ရေး၊ ဂီတအနုပညာရှင်များ ခံစားခွင့်စနစ်တကျရရှိနိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်နိုင်ရေး၊ မူပိုင်ခွင့်ဥပဒေနှင့် ဆောင်ရွက်ရန် မရှိသေးမီ အဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်တွင် မြန်မာ့ဂီတနေ့အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊

**စာမျက်နှာ ၃ သို့** ❑

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ် ၊ ဇွန် ၂ ရက်၊ တနင်္ဂနွေနေ့။

## ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကျဆင်းရေး ဆောင်ရွက်လျက်ရှိ

ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကျဆင်းရေးကို ရည်ရွယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မေ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၄ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Protecting Chil-dren From Tobacco Industry Interference" ဖြစ်ကြောင်း၊ မြန်မာဘာသာဖြင့် "ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ်၊ သတိပြုကာကွယ်တို့လူငယ်" ဟု ဘာသာပြန်ဆိုထားကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာ သုံးစွဲမှုမြင့်မားလာသည့်အချက်ကို အခွင့်ကောင်းယူ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများသည် ၎င်းတို့၏ ထုတ်ကုန်များကို သုံးစွဲလာစေရန်နည်းမျိုးစုံဖြင့် ဆောင်ရွက်လာကြကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူငယ်များကို ဦးတည်ဆွဲဆောင်လာကြကြောင်း၊ အချို့သောသုတေသနအဖွဲ့အစည်းများကို ငွေကြေးအမြောက်အမြားပေးပြီး ၎င်းတို့၏ထုတ်ကုန်များကို သုံးစွဲခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုမရှိဟူသော သတင်းအမှားများကို လူငယ်များထံသို့ ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် E-cigarette၊ Vape၊ Heated Tobacco Prod-ucts အစရှိသည့် အီလက်ထရောနစ်အငွေ့ရှူစက်များကို လူငယ်များသာမက ကလေးငယ်များအကြိုက်ဖြစ်အောင် ပုံစံအမျိုးမျိုး၊ အနံ့အရသာအမျိုးမျိုးဖြင့် ထုတ်လုပ်ပြီး ထင်ပေါ်ကျော်ကြားလူသိများသူများဖြင့် လူမှုကွန်ရက် စာမျက်နှာနှင့် မီဒီယာများမှ အရောင်းမြှင့်တင်နေကြကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မေ ၃၁ ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာနရှိ Meeting Hall ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း WHO Framework Conven-tion on Tobacco Con-trol-article 5.3 အရ ပြည်သူ့ကျန်းမာရေးဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာစေရန် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်ရောင်းချသူများက နည်းအမျိုးမျိုးဖြင့် ဟန့်တားနှောင့်ယှက်နေသည့်အပေါ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တားဆီးကာကွယ်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေးအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း WHO Frame-work Convention on Tobacco Con-trol ကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အခြေခံ၍ ၂၀၀၆ ခုနှစ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြောင်း၊ အသက် ၁၈ နှစ် မပြည့်သေးသူကို ဆေးလိပ်ရောင်းချခြင်းမပြုရန်၊ ကျောင်းပရဝဏ်အတွင်းနှင့် ကျောင်းပရဝဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းမပြုရန် ဥပဒေအရတားမြစ်ထားပြီးဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် အကျိုးပြုလုပ်ငန်းများတွင် အထောက်အပံ့ပေးခြင်းများကို ဥပဒေအရပြစ်မှု၊ ပြစ်ဒဏ်များဖြင့် တင်းကျပ်စွာတားမြစ်ထားကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးကိုထိခိုက်စေနိုင်သည့်အတွက် အီလက်ထရောနစ် အငွေ့ရှူစက်များအပါအဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုအန္တရာယ်နှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူငယ်များကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများ၏ လှည့်ဖြားမှုအန္တရာယ်မှ အကာအကွယ်ပေးနိုင်ရန်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကျဆင်းရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

၀-၀-၀-၀-၀



## အခြေခံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ ထူးချွန်ဆုများ ချီးမြှင့်

မန္တလေး ဇွန် ၁

အထည်ချုပ်လုပ်ငန်းများ၏ လုပ်သားလိုအပ်ချက်အား ဖြည့်တင်းပေးရန်၊ စက်ချုပ်နည်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နိုင်စေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်း၊ ရေတွင်းညီနောင်ရပ်ကွက်ရှိ အဆိုပါကျောင်း သင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက စက်ချုပ်ကျွမ်းကျင်သူမှသည် ဒီဇိုင်နာဖြစ်သည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး ထူးချွန်ဆုရရှိသော သင်တန်းသူများကို ဆုချီးမြှင့်သည်။

ထို့နောက် ဒုတိယကျောင်းအုပ်ကြီး(သင်ကြားရေး)မှ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ခဲ့သည်။

(အပေါ်ပုံ)

အခမဲ့ အခြေခံစက်ချုပ်သင်တန်းကို မေ ၂ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး စက်ကိုင်တွယ်အသုံးပြုနည်း၊ ကိုယ်တိုင်းခြင်း၊ အခြေခံမိန်းမဝတ်ရင်စေ့အင်္ကျီ၊ ရင်ဖုံးအင်္ကျီ၊ အခြေခံမိန်းမစကပ်၊ လုံချည်ချိတ်စကပ်၊ သဘော်သားအင်္ကျီချုပ်နည်းများကို စာတွေ့ လက်တွေ့သင်ကြားပေးခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

## ချောင်းကြီး၊ မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေး နေ့စဉ်ဆောင်ရွက်လျက်ရှိ

မန္တလေး ဇွန် ၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**



ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဒေါနဘွားရပ်ကွက်ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၃ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၆ လမ်းနှင့် ၁၇ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန့်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၁၅ လမ်းနှင့် ၁၇ လမ်းကြား ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၆ လမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၂ လမ်းနှင့် ၃၃ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် စိတ္တရမဟီရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၄ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာနှင့် ဒိုက်များကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၇ လမ်းနှင့် ၂၈ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်းနှင့် ၃၁ လမ်းတံတားထိပ် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၂B လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၀၄ လမ်းနှင့် ၁၀၅ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ကန်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၉B လမ်းအနောက်ဘက်ခြမ်း မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက် အသုံးပြု၍ ၁၁၀ လမ်းနှင့် ၁၁၀A လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀၃ လမ်း မြို့နယ်စိုက်ပျိုးရေးရုံးတောင်ဘက်မြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၆၆B လမ်းနှင့် ၆၇ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် (ည)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၆ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၄၀ လမ်းနှင့် ၁၄၁ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ပြွန်ချရန်မြေတူးဆောင်ရွက်ပေးခြင်းနှင့် ပန်းရုံတော်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်းနှင့် မင်္ဂလာလမ်းကြားချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၅၃ လမ်းနှင့် ၅၄ လမ်းကြား၊ ဒူးကြားလမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက် အသုံးပြု၍ ၁၂၆ လမ်းနှင့် ၁၂၇ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အမရပူရမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် တိုးချဲ့(၃)ကွဲခိုင်ရေးအမှိုက်ကန်ဘေးမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# တီထွင်မှုမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၁၀၆ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁ ရက်)

**တီထွင်မှုမူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ဖြင့် ပြဋ္ဌာန်းခဲ့သော တီထွင်မှု မူပိုင်ခွင့်ဥပဒေသည် ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက် ( ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701 သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သတင်းစဉ်

□ ရှေ့ဖုံးမှ

မြန်မာဂီတနေ့အခမ်းအနား ကျင်းပနိုင်ရေး၊ ဂီတအကယ်ဒမီဆုရွေးချယ်ချီးမြှင့်နိုင်ရန်အတွက် ဂီတလောကသားများ ပူးပေါင်းပါဝင်ပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ရေး ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ်(၁၈-A)တွင် စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က စာဆိုဗိမာန် အဆောက် အအုံ တည်ဆောက်မည့်ပုံစံ၊ ကုန်ကျစရိတ်၊ အဆောက်အအုံဆောက်လုပ်မည့်နေရာတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်သည် စာပေပညာရှင်များနှင့် ပြည်သူများ လာရောက် လေ့လာနိုင်ကြမည့်နေရာ၊ စာပေဆွေးနွေးပွဲများ ပြုလုပ်နိုင်မည့်နေရာဖြစ်စေလိုပါကြောင်း၊ အေးအေးချမ်းချမ်းစာပေများ ဖတ်ရှုနိုင်ရန်နှင့် နားခိုရန် နေရာတစ်ခုဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ စာဆိုဗိမာန် အဆောက်အအုံသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ်အဆောက်အအုံ ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏အထောက်အပံ့ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပြသရာရောက်ပါကြောင်း၊ စာပေလောကအတွက်လည်း အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်လည်း စာဆိုဗိမာန်အဆောက်အအုံကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညွှန်ကြားထားပါကြောင်း၊ စည်းကမ်း၊ စည်းမျဉ်းဘောင်အတွင်းမှ လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ စာဆိုဗိမာန်တည်ဆောက်မည့် မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက်ရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် သတင်းမီဒီယာများအား တွေ့ဆုံ၍ လက်ရှိထုတ်ဝေဖြန့်ချိလျက်ရှိသော သတင်းစာ၊ ဂျာနယ်များ ထုတ်ဝေဖြန့်ချိနေမှုအခြေအနေနှင့် သတင်းမှန်များဖော်ပြပေးနေမှုအခြေအနေများ၊ ဖြန့်ချိရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေမှုအခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **သတင်းစဉ်**

# ဆီဆိုင်မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအား နိုင်ငံတော်က တစ်လစာဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်

ဆီဆိုင် ဇွန် ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်လစာဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ဇ၀နာရာမ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အကြမ်းဖက်သောင်းကျန်းသူများ၏ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးမှုများ များစွာကြုံတွေ့ခဲ့ရကြောင်း၊ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါအေးချမ်းလုံခြုံမှုရှိလာပြီဖြစ်သည့်အတွက် ဆီဆိုင်မြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့်ပြည်သူများအား စားရေရိက္ခာပြည့်စုံစေရန် ရည်ရွယ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ လူတစ်ဦးကို တစ်ရက်လျှင် ဆန်နို့ဆီဘူး နှစ်ဘူးနှုန်းဖြင့် တစ်လစာ ဆန်ရိက္ခာ ခုနစ်ပြည်ခွဲနှုန်း စတင်ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ မြို့တည်ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီးလုပ်လာနိုင်သည့် အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးလာနိုင်မည့် အန္တရာယ်များ ကာကွယ်ရေးနှင့် မြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆီဆိုင်မြို့နယ်အတွင်းပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သည့် ဆန်ရိက္ခာများကို ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးကျော်သူရနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ လက်ဝယ်သို့ဆက်လက်ထောက်ပံ့ပေးအပ်နိုင်ရေး ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ဆီဆိုင်မြို့နယ်အတွင်း ပြန်လည် ဝင်ရောက်နေထိုင်ကြသည့် ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာ ခြောက်ရွာတို့မှ ဒေသခံပြည်သူ ၈၂၀၆ ဦးတို့အတွက် ဆန်ရိက္ခာ လူတစ်ဦးကို တစ်ရက်လျှင် ဆန်နို့ဆီဘူး နှစ်ဘူးနှုန်းဖြင့် တစ်လစာအတွက် စုစုပေါင်းဆန်အိတ် ၂၅၆၄ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဇွန် ၁**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်ဝင်းအတွင်း ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များ၊ ပြည်သူလူထုများတက်ရောက်ပြီး အတူတကွ အရိပ်ရပင်များ စိုက်ပျိုးခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် သစ်တောသစ်ပင်များသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နိုင်ရေး အရေးကြီးသည့်အခန်းကဏ္ဍကနေ ပါဝင်နေသည့်အတွက် နိုင်ငံနှင့်အဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ဒေသမျိုးရင်းအဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည့်အပင်အမျိုးမျိုးကို စနစ်တကျရွေးချယ်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပအောင် အစီအစဉ်တကျ စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းနှင့် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သော မြို့ပြများကို အနာဂတ်မျိုးဆက်သစ်များအတွက် အမွေပေးနိုင်ရန် အားလုံးက ဝိုင်းဝန်းကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတော်၌ တက်ရောက်လာသူများနှင့်အတူ အရိပ်ရပင်များ စိုက်ပျိုးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အရိပ်ရအပင်များအား တက်ရောက်လာသူများနှင့်အတူ တပျော်တပါးတက်ကြွစွာဖြင့် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် မိုးရာသီအတွင်း နိုင်ငံပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းအတွက် ပျိုးပင်ပေါင်း ၂၇ သိန်းကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး၊ မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ(၂၇)ကြိမ်၊ ပျိုးပင်ပေါင်း ၁၄,၁၅၀ ပင် စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၄ ခုနှစ် မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ပိတောက်၊ ပျဉ်းမ၊ ယင်းမာ၊ မယ်ဇယ်၊ မဲဇလီ၊ စိန်ပန်း၊ ခရေစသည့် သစ်မျိုးပင် ခုနစ်မျိုး၊ အပင်အရေအတွက် ၆၇၀ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းတွင် ကျောင်းအပ်နှံရေးနေ့ ကျင်းပ ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ပလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့

**မန္တလေး ဇွန် ၁**


၂၀၂၄-၂၀၂၅ပညာသင်နှစ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းရှိ အားကစားနှင့် ပညာရေးပေါင်းစပ်အထက်တန်းကျောင်းတွင် ကျင်းပရာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "တိုင်းနိုင်ငံအားလုံးကျောင်းအပ်ကြစို့" သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် အထက်တန်း၊ အလယ်တန်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံများကို ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက ပေးအပ်သည်။

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းကို ဇွန် ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (ဝ၄၅)

သတင်းစာမျက်နှာ ၂၄













## ကျောက်ဆည်မြို့တွင် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ကျောက်ဆည် ဇွန် ၁** မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ပညာသင်နှစ်အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး ဇွန် ၁ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။





• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကျောက်ဆည်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဆရာ၊ ဆရာမများစုစုပေါင်း အင်အား(၂၀၀)ဦးတို့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝန်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်နေရာများမှ ပလတ်စတစ်အိတ်ခွံများ၊ နွယ်မြက်သစ်ပင်များ၊ ခြုံနွယ်များ၊ သစ်ကိုင်းအခြောက်များနှင့် အမှိုက်များအား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနပိုင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။

(၄၈၅)

# အနာဂတ်စွမ်းအားရှင်များနှင့် ဂိမ်းအန္တရာယ်



စာရေးသူကို မိတ်ဆွေတစ်ယောက်က ပြောဖူးသည်။ အရွှန်းဖောက်တာလည်းပါပေါ့။ သားသမီးချစ်ရင် ဆိုင်ကယ်ဝယ်ပေးလိုက်၊ ခြေထောက်ပိုရသွားပြီး အိမ်နားမကပ်တော့ဘူးတဲ့။ ပြီး ထပ်ချစ်သေးလား ဖုန်းတစ်လုံးဝယ်ပေးလိုက်၊ အဲ ဂိမ်းဆော့နေတာနဲ့ ဘာမှ ခိုင်းမရသေးဘူးတဲ့။ ခုခေတ်ကာလကား အသက်ရှုယ်စုံ၊လူတန်းစားစုံ လက်ထဲမှာ ဖုန်းတစ်လုံးတော့ ရှိနေကြသည်။

ဆင်းကဒ်ကလည်း ဈေးတန်။ စားနေဝတ်ဖို့ မပြည့်စုံသာနေမယ် ဖုန်းတစ်လုံးကို second ပဲ ဖြစ်ဖြစ် တစ်သိန်း၊ တစ်သိန်းခွဲနဲ့ရအောင် ပိုက်ဆံစုဝယ်ကြသည်။ လက်ထဲမှာ ခါးကြားမှာ၊ ပိုက်ဆံအိတ်ထဲ၊ လွယ်အိတ်ထဲမှာ Handset ကိုယ်စီနဲ့ပေါ့။ ဒါမှလည်း ခေတ်မီချေမည်။ ကမ္ဘာကြီးကို အိတ်ကပ်ထဲ ထည့်ထားနိုင်မည်ပေါ့။ ကမ္ဘာကြီးသာ အိတ်ကပ်ထဲထည့်ထားကြတာ ဦးနှောက်ထဲကြတော့ သုတမထည့်တတ်ကြ။

ကိုယ့်နိုင်ငံက တိုင်းနဲ့ပြည်နယ်တွေတောင် အလွတ်မရကြ။ စာရေးသူ Grade-5 တစ်ယောက်ကို မေးဖူးတယ်။ မြစ်ကြီးနားက မြန်မာပြည် အပေါ်မှာလား၊ အောက်မှာလား။ အောက်မှာတဲ့ မှတ်ကရော။ ပြီးတော့ ဧရာဝတီတိုင်း ဘယ်နားမှန်းမသိ၊ ပုပ္ပါးတောင် အမြင့်ပေ အသာထား၊ ဘယ်နေရာ ရှိမှန်းတောင်မသိ။ ခုခေတ် ဗဟုသုတ လေ့လာသူ ကျောင်းသား၊ ကျောင်းသူလူငယ်တွေကို မဆိုလိုပါ။ ဖုန်းဖြင့် ကမ္ဘာပတ် ဗဟုသုတ ရှာရမယ့်အစား ဖုန်းတစ်လုံးဖြင့် ဂိမ်းနှိပ်၊ YOU TUBE ကြည့် ၊ Twitter ကြည့်၊ သီချင်းနားထောင် Facebook ကြည့်နဲ့ သူတို့မှာ အလုပ်မအား။ လူကြားသူကြား တကယ့်အလုပ်ကြီး၊ အကိုင်ကြီး လုပ်နေသလို နားကြပ်က တပ်ထားသေး၊ ကောင်းကြသေးရဲ့။

ဒီခေတ်က အင်တာနက်ခေတ်၊သတင်းခေတ်၊ Knowledge ခေတ်၊ နည်းပညာခေတ်မှန်၏။ သို့ပေသည့် ကျွန်တော်တို့ လူငယ်တွေအားလုံး သတင်းသုတနောက်ကို နည်းပညာနောက်ကို တကယ်မလိုက်ကြသေးချေ။ တိုးတက်အောင်မြင်ချင် ငါ့အရည်အချင်းမြှင့်မယ်၊ ငါ့ပတ်ဝန်းကျင် ငါ့နိုင်ငံကိုလည်း ငါတိုးတက်သလို တိုးတက်အောင်လုပ်မယ်ဆိုသည့် စိတ်ထားတို့ရှိသူကား ပတ်ဝန်းကျင်မှာ ပို၍ပို၍ နည်းပါးလာသည်ဟု ယူဆရသည်။

ကိုယ်တိုင်ကြုံရသည်မှာ စာရေးသူ၏ မြေးအကြီးသည် အသက် ၁၂နှစ်ပြည့်ပြီးပြီ၊ ခု ကျောင်းပိတ်ထားခဲ့စဉ် လွတ်လွတ်လပ်လပ်ကို ဂိမ်းကိုဆော့သည်။ အိမ်လာသည့် သူ့ဦးလေးငယ်များကလည်း အသက် ၂၂၊၂၃ ဂိမ်းသမားတွေ၊ ဒီတော့ မြေးဖြစ်သူ အကြိုက်တွေ့တော့သည်။ ကြာတော့ ကျွန်တော် အမြင်ကပ်လာသည်။ စားချိန်တန် ထစားသည်၊ ဒါတောင်ဖုန်းကို အနားချ ဖွင့်ထားချင်သေးသည်။ အိပ်ချိန်ကျတော့ ညဥ့်နက်သန်းခေါင်ထိကြည့်ပြီးမှ အိပ်သည်။ နံနက်ကျတော့ ၉ နာရီလောက်မှထသည်။ အိမ်ကကျန်သူများနှင့် စားချိန်၊ အိပ်ချိန်မတူတော့။ သူတို့၏ မဟာအလုပ်က ဖုန်းတစ်လုံးနှင့် ဂိမ်းဆော့ဖို့ပဲ။ ကျန်ဘာအာရုံမှ မထားတော့။ အိပ်ရာပေါ်မှာ ထိုင်လျက် ဂိမ်းနှိပ်၊ ညောင်းလာတော့ ပက်လက်ပြောင်းပြီး မှောက်ကာပြန်နှိပ်။ အိပ်ရာပေါ်မှာ ညောင်းလာတော့ အပြင်ထွက်ထိုင် ခုံပေါ်မှာ ဆက်နှိပ်သည်။

စာရေးသူတို့ငယ်စဉ်က အသက် ဆယ်နှစ် ဆယ့်တစ်နှစ်သားကပင် အဘိုးဖြစ်သူ၊ အဖေဖြစ်သူ အနားကပ်၍ ဘာလုပ်ပေးနိုင်လဲ ကြည့်၍ ကျွန်တော်ဘာလုပ်ပေးရမလဲခင်ဗျာမေးသည်။ မိမိလုပ်နိုင်တာ ဝင်လုပ်ပေးသည်။ မိခင်လုပ်သူ၏ မီးဖိုချောင်အလုပ်ကို ဝင်ကူပေးသည်။ ခုတော့ စာရေးသူမြေးအပါအဝင် ကလေးငယ်များ၊ ကျောင်းသား၊ ကျောင်းသူများသည် ဒီဂိမ်းကြောင့် သူတို့၏ ကိုယ်ပိုင်ချိန်မှာ စာကြည့်ရမှာ၊ အားကစားလုပ်ရမှာ မိသားစုနဲ့ စကားပြောဆိုပြီးနေရမှာ၊ လူကြီးသူမများ၏ အနားမှာ လူကြီးတွေ၏ အတွေ့အကြုံများ၊ သင်ခန်းစာရ ပုံပြင်လေးများကို ပြောပြတာကို နားထောင်ရမှာ၊ သူတို့တတ်နိုင်သည့်အလုပ် အိမ်သန့်ရှင်းရေး၊ ခြံသန့်ရှင်းရေး၊ စိုက်ပျိုးရေးအလုပ်ကို ဝိုင်းကူလုပ်ရမှာတွေကို ပျက်ကွက်ကြတော့၏။

ဒီနေရာမှာ လူငယ်တွေ အချိန်ရလျှင် ရသလို စာဖတ်သင့်သည့်အကြောင်း အနည်းငယ်ပြောချင်သည်။ စာဖတ်မှ အမြင်ကျယ်မည်၊ အတွေးနယ်ကွန်ရက် ဖြန့်ကြက်နိုင်မည်။ စာပေမှရသည့်အသိဖြင့် အတွေးအမြင်များ ပြောင်းလဲလာမည်။အခြားသူများ၏ အတွေ့အကြုံမှ သင်ခန်းစာများ ရယူနိုင်မည်။ မကောင်းတာရှောင်ပြီး ကောင်းတာတွေလုပ်ဖို့ ဘဝတိုးတက်ဖို့ အသိမြင်ကောင်းများ ရလာပေမည်။

အလျဉ်းသင့်၍ ခု မေ ၂၉ ရက် မြန်မာ့အလင်း သတင်းစာပါ စာရေးဆရာ ဒေါက်တာမောင်သင်း၏ "စာဖတ်နှာသည့် နိုင်ငံသားများကြောင့် အမြင့်သို့ တက်နေသည့် နိုင်ငံတော်ဘဝသို့" ဆောင်းပါးမှ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် "လူနှင့်တိရစ္ဆာန်တို့ အဓိကကွာခြားချက်မှာ တိရစ္ဆာန်မှာက အသက်တစ်မျိုးတည်းဖြင့် အသက်ရှင်တာပါ။" စက္ကန့်၊ မိနစ်၊ နာရီ၊နေ့ရက်၊လ၊နှစ်ဟူသည့် အချိန်သက် တစ်မျိုးတည်းဖြင့် အသက်ရှင်ကြပါသည်။ လူက အသက်နှစ်သက်ဖြင့် အသက်ရှင်၏။ အဆိုပါ အချိန်သက်အပြင် "ရင့်ကျက်သက်"ပါ ထပ်ပေါင်းပြီး အသက်နှစ်သက်ဖြင့် အသက်ရှင်နိုင်ပါမှ လူဟုခေါ်ဆိုပါသည်။ ရင့်ကျက်သက်သည် အချိန်သက်ကဲ့သို့ အလိုလိုနေရင်း မရနိုင်ပါ။ အမြဲမပြတ် မိမိ၏ အရည်အသွေးတက်နေအောင် ဖြည့်ဆည်းနေမှသာ ရရှိသည့်အသက်ဖြစ်ပါသည်။ ဖြည့်ဆည်းသက် ရှိမှု၊ မရှိမှုကြောင့် လူအချင်းချင်း အနိမ့်အမြင့်ဖြစ်လာကြသည်။ လူနှင့်တိရစ္ဆာန် အသိဉာဏ်ကွာဟလာ၏။ ဖြည့်ဆည်းသက် မြန်မြန်ရနိုင်တဲ့ နည်းလမ်းကတော့ "စာများများ ဖတ်ခြင်း တစ်နည်းအားဖြင့် "စာဖတ်နှာခြင်း"ပင်ဖြစ်ပါသည်။

> "လူနှင့်တိရစ္ဆာန်တို့ အဓိကကွာခြားချက်မှာ တိရစ္ဆာန်မှာက အသက်တစ်မျိုးတည်းဖြင့် အသက်ရှင်တာပါ။ "စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ်ဟူသည့် အချိန်သက်တစ်မျိုးတည်းဖြင့် အသက်ရှင်ကြပါသည်။ လူက အသက်နှစ်သက်ဖြင့် အသက်ရှင်၏။ အဆိုပါ အချိန်သက်အပြင် "ရင့်ကျက်သက်"ပါ ထပ်ပေါင်းပြီး အသက်နှစ်သက်ဖြင့် အသက်ရှင်နိုင်ပါမှ လူဟုခေါ်ဆိုပါသည်။

ကျွန်တော်တို့မြန်မာကလေးတွေ လူငယ်လူလတ်တွေအများစု ဒီလိုသာ ဖုန်းတစ်လုံးနဲ့ ဂိမ်း၊ ကျန်တဲ့ဖုန်းကပေးတဲ့ ဖျော်ဖြေမှုတွေနဲ့ အချိန်ဖြုန်းနေကြရင် စာဖတ်ချိန်နည်းလာမယ်။ ကျန်းမာရေး ထိခိုက်လာမယ်။ ဖြည့်ဆည်းသက်ကလည်း မရနိုင်တော့ဘူး။ အရွယ်တာကြီးလာတဲ့ ခေါင်းထဲမှာ အသိတရားနည်း ဗဟုသုတနည်းလာကြတော့မယ်။ ဗဟုသုတပညာ နည်းတာနဲ့အမျှ တိုင်းပြည်ရဲ့ အနာဂတ်စွမ်းအားရှင်လူငယ်တွေရဲ့ အရည်အချင်း ကျမယ်။ ဒါဆိုရင် စာဖတ်သူတို့ ဆက်တွေးလို့ရပါပြီ။

ဆက်စပ်ပြီးတော့ရေးရရင် ဂိမ်းဆော့လို့ ကျန်းမာရေးထိခိုက်ရတဲ့ ကိုယ်တိုင်တွေ့ခဲ့ရတာလေးပါ။ မနှစ်က မန္တလေးမှာဖြစ်တယ်။ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ။ ၁၃နှစ်သားအရွယ် ကိုရင်တစ်ပါးကို အဘွားဖြစ်သူ သီလရှင်ကြီးက လာအပ်တယ်။ လာအပ်တဲ့အချိန်က ကျောင်းဖွင့်ရာသီ။ စာသင်ကျောင်းကို မရောက်ဘဲ ကိုရင်ဝတ်နဲ့ ဘုန်းကြီးကျောင်းရောက်လာတာ။ အကြောင်းစုံက ဂိမ်းအလွန်အကျွံဆော့ရင်း စာလည်း ဖတ်လို့မရ၊ အကြောတွေဆွဲလာတယ်၊ ကတုန်ကယင်နဲ့ ခြေလက်တွေ ဆတ်ဆတ်နေတယ်။ စာလည်းကျက်လို့မရ သင်လို့မရဘူးတဲ့။ ဒါနဲ့ ဖုန်းကိုသိမ်းပြီး ကိုရင်ဝတ်ပေးကာ ဒီကိုရောက်လာတာပါပဲ။ ရည်ရွယ်ချက်က သာမဏေနဲ့လောကုတ္တရာ စာသင်ဖို့ မဟုတ်။ ခေတ္တ နားခိုဖို့ရာ ရောက်လာခြင်းပါ၊ ဒီတော့ရည်ရွယ်ချက်က မကောင်း။ စာရေးသူကို ကိုရင်ငယ်က စာဖတ်ချင်တယ် ပြောလာလို့ သူနဲ့သင့်တော်မယ့် စာအုပ်အချို့ ပေးလိုက်ပါသေးတယ်။ နောက်တော့ မနေနိုင်တာနဲ့ မအေလုပ်သူက ပြန်ခေါ်သွားတယ် သိခဲ့ရတယ်။

ဂိမ်းရဲ့သားကောင်နောက်တစ်ဦးကတော့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တွေ့ရတာ။ "တစ်နေကုန် ဂိမ်းဆော့ပြီး ဆရာဝန်လည်း မကယ်နိုင်၊ အာရုံကြောများသေကာ နောက်ဆုံးကွယ်လွန်သွားရှာတဲ့ ခမောက်ကြီးမြို့က ၁၇နှစ်သမီးလေးရဲ့ နောက်ဆုံးထွက်သက်"ဆိုပြီး ပုံ၊ movie နဲ့တကွ တင်ထားတာကို စာရေးသူ ဒီမနက်ပဲဖတ်ရ မြင်ရတာပါ။ ပုံတော့ မထည့်တော့ပါဘူး။ စိတ်မကောင်းလို့ပါ။ မူလတင်သူက (ကလေးငယ်များ ဂိမ်းဘေးမှ ကင်းဝေးကြပါစေ) ရွှေကုသိုလ် ဆရာတော်ဆိုပြီး အောက်မှာရေးထားပါတယ်။

စာရေးသူအပါအဝင် စာဖတ်သူတွေအနေနဲ့ မိမိတို့ မိသားစုမှာ ပတ်ဝန်းကျင်မှာ သားသမီး၊ တူ၊ မြေးကလေးငယ်၊လူငယ်တွေ ဂိမ်းအန္တရာယ်မှ ကင်းဝေးစေဖို့ ပြုပြင်ပေးကြပါ။ "ခုလို ကျောင်းဖွင့်ရာသီ ပညာသင်ယူကြ ပညာရှာရမယ့်အချိန်က" လို့ အနာဂတ်စွမ်းအားရှင်တွေ စာများများဖတ်ကြကာ၊ အခြားအကျိုးရှိအလုပ်တွေလုပ်ရင်း ကျန်းမာကြံ့ခိုင် အသိသုတကြွယ်တဲ့ လူငယ်တွေ ဖြစ်လာဖို့ ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ မေတ္တာနဲ့ နှိုးဆော်လိုက်ရပါတယ်။ ။

**ရေချမ်း-မန်း**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS မှ Suga က O!RUL8,2? ထဲမှ We On Rap သီချင်းနှင့် သက်သေပြခဲ့

BTS အဖွဲ့ဝင် Suga ခေါ် Min Yoongi သည် ပွဲဦးထွက်စ မှစ၍ အထင်သေးခံခဲ့ရသည်ကို သူ၏ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ် O!RUL8,2? တွင် We On သီချင်းနှင့် Rap Skill ကို သက်သေပြသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Suga ၏ အဆိုပါသီချင်းကို Rap သီချင်းကြိုက်နှစ်သက်သူများက ရွှေအဖြစ် တင်စားသတ်မှတ်ခံရလောက်အောင် သုံးထားသောစကားလုံးများ ပြောင်မြောက်ခဲ့သဖြင့် နှစ်ခြိုက်မဆုံးဖြစ်ခဲ့ကြသည်။



Suga ၏ Rap အဆင့်အတန်းမြင့်မားမှုမှာ ကိုယ်တိုင်ရေးဆိုထားသည့် We On ထဲမှ စာသားများကြောင့် အမှန်အတိုင်းလက်မခံချင်စရာဖြစ်ရသည်ကိုပင် လက်သင့်ခံလိုက်ရပြီး ရင်ထဲအောင့်သက်သက်ဖြစ်သွားခဲ့ရသည့် အခြေအနေဖြစ်ခဲ့ရသည်ဟု ပရိသတ်အချို့က မှတ်ချက်ပေးထားသည်။

အဖွဲ့ဝင်များ နှစ်နှစ်တာ သင်တန်းကာလကို ဖြတ်ကျော်နေပြီး အဖွဲ့လိုက်အောင်မြင်မှုများ ရရှိထားကာ တစ်ကိုယ်တော်နှင့်လည်း ဆက်လက်အောင်ပွဲခံနေကြသည်။

(SKY)

## သံအခြေပြု လျှပ်စစ်ပစ္စည်းများ၏နေရာတွင် စွမ်းရည်မြင့် လျှပ်စစ်ပစ္စည်းများ ပေါ်ထွန်းလာမည်

မဝေးသောအနာဂတ်၌ သံအခြေပြု လျှပ်စစ်ပစ္စည်းများ၏ နေရာတွင် မျိုးဆက်သစ် စွမ်းရည်မြင့် လျှပ်စစ်ပစ္စည်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ မကြာသေးမီက အတည်ပြုခဲ့ကြောင်း မေလထုတ် နေးချားဓာတ်ပစ္စည်းများဂျာနယ်တွင် ဖော်ပြသည်။

ခဲဇာကိုနိတ်ဓာတ်ပစ္စည်းအကြောင်းကို အမေရိကန်ပြည်ထောင်စု ရိုက်စ်တက္ကသိုလ်နှင့် ဘာကလေမြို့ရှိ ကာလီဖိုးနီးယား တက္ကသိုလ်တို့မှ သုတေသီများ မကြာသေးမီက စူးစမ်းလေ့လာရာထူးခြားချက်များ တွေ့ရှိပြီးနောက် ယင်းကဲ့သို့ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါထူးခြားချက်မှာ ယင်းဓာတ်ပစ္စည်း၏ တစ်လက်မ၏ လေးသန်းပုံတစ်ပုံနှင့်ညီမျှသော ၁၀၀နာနိုမီတာအထိ ပါးလွှာသော အချပ်သည်ပင်လျှင် သံအခြေပြု လျှပ်စစ်ပစ္စည်းများထက် လျှပ်စီးသတ္တိ ငါးဆပိုမိုမြင့်မားသည်ဆိုသော အချက်ပင်ဖြစ်သည်။

SCI



## Zack Snyder ၏ Rebel Moon-Part II ကြည့်ရှုနှုန်းထိုးကျလာ

Director Zack Snyder ၏ အာကာသ နောက်ခံရုပ်ရှင်




သစ် Rebel Moon-Part II: The Scargiver သည် ကြည့်ရှုနှုန်းထိုးကျလာပြီး အရှုံးပေါ်ခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား ပထမပိုင်း Rebel Moon-Part I:A Child of Fire ကို ၂၀၂၃ခုနှစ်တွင် ပြသခဲ့ပြီး ဒုတိယပိုင်းကို ၂၀၂၄ခုနှစ်တွင် ပြသခဲ့ရာမှ ကြည့်ရှုမှုပမာဏ ထိုးကျခဲ့ခြင်းဖြစ်သည်။

Netflix ပေါ်မှ အမေရိကန်ဒေသအတွင်း ကြည့်ရှုနှုန်းများကျဆင်းခဲ့သော ဇာတ်ကားများစာရင်းတွင် Rebel Moon-Part II ပါဝင်ခဲ့ပြီး အပိုင်းတစ်ထက်ပို၍ ကျရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရပြီး အရှုံးပေါ်ခဲ့သည်ဟု ထုတ်လုပ်သူက တရားဝင်ပြောကြားသွားသည်။

Director Zack Snyder ၏ အာကာသ နောက်ခံရုပ်ရှင်ဖြစ်ပြီး ပရိသတ်ငြီးငွေ့ဖွယ် ဇာတ်လမ်းကြောင့် အားပေးမှုနည်းပါးခဲ့သည့်အတွက် ကြည့်ရှုနှုန်းထိုးကျလာခဲ့ခြင်းဖြစ်သည်ဟု ပရိသတ်များ မှတ်ချက်ပေးထားကြသည်။

(SKY)

## Xiao Zhan အတွက် GUCCI က ကြော်ငြာသစ်များ ထုတ်ပေး

တရုတ်အနုပညာရှင် Xiao Zhan သည် တရုတ်အနုပညာသံတမန်အဖြစ် GUCCI ကုန်အမှတ်တံဆိပ်မှ ရွေးချယ်ခံရသူဖြစ်ပြီး သူ၏ကြော်ငြာသစ်များကို GUCCI က ဝေဆာစွာ ထုတ်ပေးထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Xiao Zhan ၏ GUCCI Global Billboard Poster သစ်များကို ကုန်အမှတ်တံဆိပ်က ကြော်ငြာသစ်များ ထုတ်ပေးထားရာ ပရိသတ် စိတ်ဝင်စားမှုရှိခဲ့သည့်အပြင် GRAZIA Magazine ကလည်း ကိုယ်တိုင်မြို့အသီးသီး၏ နာမည်ကြီး Vlogger များ၊ ကျွမ်းကျင်သူများခေါ်ကာ ဓာတ်ပုံရိုက်၍ တင်ထားပေးခဲ့သည်ထိ ပါဝင်အားဖြည့်ပေးထားသည်။

ဂျင်အန်ဘုရားကျောင်းရှေ့ရှိ Billboard ဘေးတွင် အစောင့်ပါ ချထားရပြီး ပရိသတ်တန်းစီ၍ ဓာတ်ပုံရိုက်ရန် အလှည့်ကျစောင့်ခဲ့ရသည်ထိ လုံခြုံရေးများနှင့် ကာကွယ်ပေးထားကြကာ Poster ကြော်ငြာသစ်နှင့် ဓာတ်ပုံရိုက်သူ များပြားခဲ့ကြ၍ လူစည်ကားနေသည်ကို တွေ့ကြရသည်။

(SKY)




## Zhang Zhehan က အနုပညာလမ်းတွင် ကြယ်တစ်ပွင့်အဖြစ် တောက်ပနေ

တရုတ်အနုပညာလောကတွင် ဆယ်စုနှစ်တစ်ခုကျော် ကြိုးစားရပ်တည်ခဲ့သော Zhang Zhehan မှာ ရွှေနှစ်များကို ပိုင်ဆိုင်ခဲ့ပြီး တရုတ်အနုပညာ လုပ်ကိုင်ခွင့် ပိတ်ခံခဲ့ရသော်လည်း တောက်ပနေသော ကြယ်တစ်ပွင့်အဖြစ် မြင်တွေ့ကြရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Zhang Zhehan သည် အောင်မြင်မှုရရှိဆဲတွင်ပင် သမိုင်းမသိ၊ မျိုးချစ်စိတ်မရှိသည်ဟု ခေါင်းစဉ်တပ်ခံရကာ အနုပညာလုပ်ငန်းများ တရုတ်ပြည်မကြီးတွင် ပိတ်ပင်ခံလိုက်ရသော်လည်း အရှုံးမပေးဘဲ တစ်နှစ်ကြာ အနားယူခဲ့ပြီးနောက် ၂၀၂၂ခုနှစ်တွင် သီချင်းနှစ်ပုဒ်နှင့် Worldwide iTunes Music Chart တွင် ထိပ်ဆုံးရောက်ရှိခဲ့ကာ ၂၀၂၃-၂၀၂၄ခုနှစ် မွေးနေ့တွင် ဖြန့်ချိခဲ့သည့် သီချင်းများကလည်း ထိပ်ဆုံးနေရာရောက်ခဲ့သည်။



၂၀၁၉-၂၀၂၀တွင် အယ်လ်ဘမ်နှစ်ခု၊ ၂၀၂၃-၂၀၂၄ တွင် အယ်လ်ဘမ်နှစ်ခု သီချင်းပေါင်း ၂၂ပုဒ် ထွက်ရှိထားပြီး ဆယ်ပုဒ်မှာ ထိပ်ဆုံးစာရင်းဝင်ကာ ပြည်မကြီးတွင် ဖြန့်ချိခွင့်မရ၍ iTunes တွင် ထိပ်ရောက်ခဲ့ပြီး ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဟောင်ကောင်စသည့် အရှေ့တောင်အာရှတစ်ခွင် ဂီတပွဲများ နှံ့ကာ ဒါရိုက်တာတစ်ဦးအဖြစ် မှတ်တမ်းရုပ်ရှင်မှာလည်း အောင်မြင်ခဲ့သည်။

(SKY)

## Wang Chu Ran နှင့် Zhang Ling He တို့ GUCCI Cruise 2025 တက်ရောက်ခွင့်ရ

တရုတ်မင်းသမီး Wang Chu Ran နှင့် မင်းသားချော Zhang Ling He တို့နှစ်ဦး GUCCI Cruise 2025 ပွဲသို့ တက်ရောက်ခွင့်ရ၍ London မြို့သို့ ထွက်ခွာခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာရှင်နှစ်ဦးဖြစ်သည့် Wang Chu Ran နှင့် Zhang Ling He တို့ကို အဆိုပါပွဲသို့ တက်ရောက်ခွင့် ဖိတ်ကြားခံရပြီး မကြာမီ ကုန်အမှတ်တံဆိပ်၏ သံတမန်အဖြစ် မြင်တွေ့ရဖွယ်ရှိသည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။

တရုတ်မျိုးဆက်သစ် အနုပညာရှင်များတွင် မင်းသမီး Wang Chu Ran မှာ ချောမောလှပြီး အနုပညာစွမ်းရည်ပြည့်ဝသူဖြစ်၍ ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားသူဖြစ်သည်။

မင်းသားချော Zhang Ling He မှာလည်း အနုပညာလောကတွင် နာမည်ရလာသည့် အနုပညာရှင်တစ်ဦးဖြစ်ကာ ချောမောခန့်ညား၍ ပရိသတ်ကြား ရေပန်းစားနေသူဖြစ်ပြီး နှစ်ဦးသားမှာ လိုက်ဖက်မှုရှိသော အနုပညာရှင်များဖြစ်ကြ၍ မကြာမီ ကုန်အမှတ်တံဆိပ်၏ သံတမန်များဖြစ်လာကြလိမ့်မည်ဟု ပရိသတ် မှတ်ချက်ပေးထားသည်။(SKY)





# ဂါဇာစစ်မက် ရပ်တန့်ချိန်တန်နေပြီဟု အမေရိကန်သမ္မတ ထုတ်ဖော်ပြောကြား

**ဝါရှင်တန် ဇွန် ၁**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဖြစ်ပွားနေသောစစ်မက် ရပ်တန့်ချိန်တန်နေပြီဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် မေ ၃၁ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အစ္စရေးဘက်ကနောက်ဆုံး ပြုလုပ်ထားသော အပစ်အခတ်ရပ်စဲရေးဆိုင်ရာကမ်းလှမ်းချက်ကို လက်ခံပေးရန် ၎င်းက ဟားမတ်စ်တို့ကို တစ်ပြိုင်တည်း တိုက်တွန်းပြောကြားသည်။

အပိုင်းသုံးပိုင်းပါရှိသော အဆိုပါ ကမ်းလှမ်းချက်၏ ပထမ အပိုင်းတွင် ရက်သတ္တ ၆ ပတ်ကြာ အပစ်အခတ်ရပ်စဲမည်ဟု ဆိုသည်။

ထို့နောက် ဒုတိယအပိုင်းတွင် အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း ပါလက်စတိုင်း အရပ်သားများအတွက် လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့ တိုးမြှင့်ဆောင်ရွက်မည်။

တတိယအပိုင်းတွင်မူ ဓားစာခံနှင့် အကျဉ်းသား လဲလှယ်မှုပြုလုပ်ကာ အပစ်အခတ်ရပ်စဲမှုကာလကို တိုးမြှင့်နိုင်ဦးမည်ဆိုလျှင် တိုးမြှင့်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# အမေရိကန်သမ္မတကတော်ဟောင်း မီရှဲ၏ မိခင် အသက် ၈၆ နှစ်အရွယ်တွင် ကွယ်လွန်

**ဝါရှင်တန် ဇွန် ၁**

အမေရိကန်သမ္မတကတော်ဟောင်း မီရှဲအိုဘားမား၏မိခင် မာရီယန်ရော်ဘင်ဆန် မေ ၃၁ ရက် နံနက်ပိုင်းက အသက် ၈၆ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတအဖြစ် ဘားရက်အိုဘားမား အာဏာရခဲ့သော ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း မာရီယန်ရော်ဘင်ဆန်သည် အိမ်ဖြူတော်၌ လူသိများခဲ့သူဖြစ်သည်။

ဘားရက်အိုဘားမားနှင့် မီရှဲအိုဘာမားတို့၏ သမီးများဖြစ်ပြီး ၎င်းအနေဖြင့် မြေးများအဖြစ်တော်စပ်သည့် မာလီယာနှင့် ဆာရှာတို့နှစ်ဦးကို အနီးကပ်စောင့်ရှောက်ခဲ့သဖြင့် လူသိများခဲ့ခြင်းဖြစ်သည်။

အမေဟာ ကျွန်မတို့မိသားစုတစ်စုလုံးရဲ့နောက်မှာ မပြောင်းလဲတဲ့ ပိတ်ကားသဖွယ် ရပ်တည်ပေးခဲ့လို့ ဒီကနေ့ အမေကွယ်လွန်သွားပြီဆိုတဲ့အကြောင်းပြောရတာရင်မှာ ဆို့နင့်စွာခံစားရပါတယ်ဟု သမီးဖြစ်သူ မီရှဲက အိတ်ခ်ျစ်လူမှုကွန်ရက်တွင် ရေးသားလွှင့်တင်ခဲ့သည်။

မာရီယန်ရော်ဘင်ဆန် တစ်ဦးတည်းသာရှိခဲ့ပြီး တစ်ဦးတည်းသာ ဆက်ရှိနေပါလိမ့်မယ်ဟု သမ္မတဟောင်း ဘားရက်အိုဘားမားကလည်း ၎င်း၏ အိတ်ခ်ျစ်လူမှုကွန်ရက်စာမျက်နှာတွင် သီးခြားရေးသားလွှင့်တင်ခဲ့ကြောင်း သိရသည်။

**Mon**

# အသက် ၂၇ နှစ်အရွယ် ဂျိတ်ပေါလ်နှင့် ထိုးသတ်ရန် အသက် ၅၇ နှစ်အရွယ် မိုက်တိုင်စန်ဘက်မှ ရက်ရွှေ့ဆိုင်း

**ဝါရှင်တန် ဇွန် ၁**

အသက် ၂၇ နှစ်အရွယ် ဂျိတ်ပေါလ်နှင့် ထိုးသတ်ရန် အသက် ၅၇ နှစ်အရွယ် မိုက်တိုင်စန်ဘက်မှ ရက်ရွှေ့ဆိုင်းလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တက္ကဆက်ပြည်နယ်ရှိ အေတီအင်န်တီအားကစားရုံကြီးထဲတွင် လာမည့် ဇူလိုင် ၂၀ ရက်တွင် ၎င်းတို့နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားခဲ့သည်။

မိုက်တိုင်စန်၏ ကျန်းမာရေးအခြေအနေကြောင့် ပြောင်းလဲရမည့် နေ့ရက်ကို လာမည့် ဇွန် ၇ ရက်တွင် အတည်ပြုကြေညာမည်ဖြစ်ကြောင်းသိရသည်။

**Mon**







# ဂါဇာသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့စေလွှတ်လိုသည်ဟု အင်ဒိုနီးရှားသမ္မတအဖြစ် ရွေးကောက်ခံရသူ ပြောကြား

**စင်ကာပူ ဇွန် ၁**

ဂါဇာကမ်းမြောင်ဒေသသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ စေလွှတ်လိုသည်ဟု အင်ဒိုနီးရှားသမ္မတအဖြစ် ရွေးကောက်ခံရသူ ပရာဘိုဝိုဆူဘီယန်တိုက ဇွန် ၁ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ လက်ခံကျင်းပလျက်ရှိသော အာရှလုံခြုံရေးဆွေးနွေးပွဲသို့ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးအဖြစ် တက်ရောက်လာစဉ် ၎င်းက ထိုသို့ ပြောကြားခဲ့သည်။

အစ္စရေးဘက်က အဆိုပြုကာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် လက်ခံခဲ့သည်ဆိုသော ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းချက်အကြောင်း ဆွေးနွေးစဉ် ငြိမ်းချမ်းရေးတပ်ဖွဲ့ စေလွှတ်လိုကြောင်း ၎င်းက တင်ပြခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ဒေသမှ လူနာပေါင်း ၁၀၀၀ ကို လက်ခံကုသပေးမည့် ဆေးဘက်ဆိုင်ရာအဖွဲ့စေလွှတ်ပေးရန် အသင့်ရှိနေသည်ဟု ရှန်ဂရီလာ ဆွေးနွေးပွဲ၌ ထုတ်ဖော်ပြောကြားရန် သမ္မတဂျိုကိုဝီဒိုဒိုက မှာကြားလိုက်သည်ဟုလည်း ၎င်းက ရှင်းပြခဲ့ကြောင်း သိရသည်။ **Mon**

# တရုတ်အခြေစိုက် အဲဗားဂရန်းအိမ်ခြံမြေကုမ္ပဏီ အမေရိကန်ဒေါ်လာ ၅၇၇ သန်း ငွေဒဏ်ချမှတ်ခြင်းခံရ





**ပေကျင်း ဇွန် ၁**

တရုတ်အခြေစိုက် အဲဗားဂရန်းအိမ်ခြံမြေကုမ္ပဏီ အမေရိကန်ဒေါ်လာ ၅၇၇ သန်း ငွေဒဏ်ချမှတ်ခြင်းခံရသည်ဟု ပေကျင်းမြို့တော်မှ ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့က မေ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုကုမ္ပဏီက ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အကြား ငွေတိုက်စာချုပ်များ လိမ်လည်အတုပြုလုပ်ခဲ့ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ရာမှ ယင်းကဲ့သို့ ငွေဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။

ကုမ္ပဏီတည်ထောင်သူ ဟွေ့ကာယန်ကိုလည်း သီးခြားငွေဒဏ်ချမှတ်ကာ အစုရှယ်ယာဈေးကွက်မှ တစ်သက်တာ ပိတ်ပင်လိုက်ကြောင်း သိရသည်။ **Mon**

# အစုများကို လက်သိပ်ထိုးရောင်းဝယ်ခဲ့သည်ဟု တက်စလာအစုဝင်တစ်ဦးက အီလွန်မတ်စ်ကို စွဲဆို

**ဝါရှင်တန် ဇွန် ၁**

အမေရိကန်အခြေစိုက် တက်စလာလျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီအမှုဆောင်အရာရှိချုပ်ဖြစ်သူ အီလွန်မတ်စ်သည် ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိသည့် အစုများကို ၂၀၂၂ ခုနှစ်နှောင်းပိုင်းတွင် အချင်းချင်း လက်သိပ်ထိုးရောင်းဝယ်ခဲ့ခြင်းသာဖြစ်သည်ဟု ယင်းကုမ္ပဏီ၏ အစုဝင်တစ်ဦးဖြစ်သူ မိုက်ကယ်လ်ပယ်ရီက ဒီလာဝဲတရားရုံး၌ မေ ၃၀ ရက်က စွဲချက်တင်လိုက်သည်။

ယင်းကဲ့သို့ လက်သိပ်ထိုးအရောင်းအဝယ် ပြုလုပ်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်တွင် အီလွန်မတ်စ်အနေဖြင့် ဒေါ်လာ ၃ ဘီလီယံ အကျိုးအမြတ်ရခဲ့ကြောင်း စွဲချက်တွင်ဖော်ပြသည်။

တက်စလာကုမ္ပဏီက ၎င်းအပေါ်ထားရှိခဲ့သည့် ယုံမှတ်အပ်နှံမှုကို ဖောက်ဖျက်ကာ လှည့်ဖြားရယူခဲ့သည့် ယင်းအကျိုးအမြတ်ကို ပြန်ပေးရန် တရားရုံးက စီရင်ပိုင်ခွင့်အာဏာဖြင့် အမိန့်ချစေလိုကြောင်း ပယ်ရီက ထည့်သွင်းလျှောက်ထားခဲ့သည်။

တက်စလာကုမ္ပဏီမှ ရရန်ရှိသည်ဆိုသော လစာခံစားခွင့် ဒေါ်လာ ၅၆ ဘီလီယံကို ၎င်းမခံစားသင့်ဟု စွဲဆိုသည့်အမှု မပြီးဆုံးသေးမီ ခေါင်းခဲစရာနောက်အမှု တစ်မှုပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



အမေရိကန်ပြည်ထောင်စု၏ တတိယပါတီငယ်တစ်ခုဖြစ်သာ လွတ်မြောက်ရေးပါတီမှ အသက် ၃၈ နှစ်အရွယ် သမ္မတလောင်း ချေ့စ်အော်လီဗာကို တွေ့ရစဉ်။ **Mon**

0-0-0-0-0



## နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဇွန် ၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင် တွေ့ကြုံရသည့်တိုင် မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်ပြီး အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

### ပြန်လည်ခေါ်ဆောင်

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့် ညှိနှိုင်း၍ နိုင်ငံတော်က ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မချစ်စနီးသည် ဇွန် ၁ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒူဘိုင်းမြို့နှင့် ဗန်ကောက်မြို့တို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ယနေ့ည ၉ နာရီ မိနစ် ၄၀ တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မချစ်စနီးသည် မြန်မာနိုင်ငံမှ ဒူဘိုင်းမြို့သို့ ရောက်ရှိခဲ့ရာ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီရုံးမှတစ်ဆင့် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အဆင်မပြေမှုကြောင့် မြန်မာသံရုံးသို့ ရောက်ရှိခဲ့သည်။ မြန်မာသံရုံးမှ မချစ်စနီးအား နေရာထိုင်ခင်း၊ အစားအသောက်နှင့် လိုအပ်သောကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ပြန်လည်ထွက်ခွာခွင့် (Exit Permit)ရရှိခဲ့၍ ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိခဲ့သည်။



ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့် စပ်လျဉ်း၍ မချစ်စနီးက "ကျွန်မက အသက် ၂၁ နှစ်ရှိပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှာ နေပါတယ်။ ရီရတ်ဒ်မှာ အလုပ်လုပ်တာ တစ်ရက်မှာ ၄ နာရီမနားရပါဘူး။ မိသားစုများတဲ့အတွက် အလွန်ပင်ပန်းတယ်။ အိပ်ချိန်နည်းလာတော့ မူးမော်ပြီး အမြဲတမ်း စိတ်မကြည်ခံစားရတယ်။ အလုပ်မလုပ်နိုင်တော့ အပြင်ကိုထွက်တဲ့အခါ ရဲစခန်းကိုရောက်သွားပြီး သံရုံးကို အကြောင်းကြားပေးတာကြောင့် သံရုံးက လာခေါ်ပြီး နေစရာ၊ စားစရာတွေစီစဉ်ပေးခဲ့ပါတယ်။ အခက်အခဲဖြစ်နေချိန်မှာ ကူညီပေးခဲ့တဲ့အတွက် ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်။ သံအမတ်၊ သံမှူးနဲ့ ဝန်ထမ်းတွေက နွေးနွေးထွေးထွေးနဲ့ ကြိုဆိုကူညီပေးပြီး အစစအရာရာ ဆောင်ရွက်ပေးကြတဲ့အတွက် အတိုင်းထက်အလွန်ကျေးဇူးတင်ရပါတယ်။ ပြည်ပမှာ အလုပ်လုပ်မယ်ဆိုရင် အရင်လေ့လာပြီးမှ သွားသင့်ပါတယ်။ အခက်အခဲရှိလာရင် အလွန်ကြောက်ဖို့ကောင်းပါတယ်။ ကျွန်မ မြန်မာနိုင်ငံကို ပြန်ရောက်မယ်လို့ သိပ်ပြီးမမျှော်မှန်းထားပါဘူး။ အခုလို အစစအရာရာ ကူညီဖေးမပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ သံအမတ်ကြီးတို့ကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ ကန်တော့ပါတယ်။ ပြောမပြတတ်အောင် အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

နိုင်ငံတော်အစိုးရ တာဝန်ယူစဉ် ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

---

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဘုတလင်မြို့နယ် စီပါကျေးရွာရှိ ဒေသခံပြည်သူ ၁၀ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၃၁ ရက်တွင် စီပါကျေးရွာအတွင်း ဝင်ရောက်ခဲ့ပြီး ဒေသခံပြည်သူ ၁၀ ဦးကို ဖမ်းဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

### ရှင်းလင်းဆောင်ရွက်ပေး

ဖြစ်စဉ်အမှန်မှာ စီပါကျေးရွာနှင့် အနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်တွင် အကြမ်းဖက်သမားများက အများပြည်သူအသုံးပြုလျက်ရှိသည့် စီပါကျေးရွာအနီးရှိလမ်းပေါ်တွင် မိုင်းထောင်နေသည်ကို




တွေ့ရှိခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထွက်ပြေးသွားခဲ့သည်။ ထို့နောက် ပြည်သူများထိခိုက်မှုမရှိစေရန်အတွက် အကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်ပေါ်တွင် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ပြီး အဆိုပါကျေးရွာသားများကို ဖမ်းဆီးခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

## စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက် နံနက် ၁၀ နာရီခွဲက ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်း၊ ဆင်မကြပ်ကျေးရွာအနီးတွင် ထွန်းထွန်းဝင်း ဆိုသူမောင်းနှင်ပြီး ထင်ကျော်နှင့် ဟိန်းမင်းမင်း(ခ)မှန်လေး ဆိုသူတို့ လိုက်ပါလာသည့် ခြောက်ဘီးမော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်၌ အုတ်ခဲများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ယာဉ်ပိုင်ရှင် ကျော်စွာထွန်း၊ ထွန်းထွန်း(ခ)မောင်မောင်နှင့် ရန်နောင်ထွေး(ခ)နောင်နောင် ဆိုသူတို့အား ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပိန္နဲကုန်းကျေးရွာတွင် အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ၄င်းမှတစ်ဆင့် မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လဟယ်မြို့တွင် မိုးသည်းထန်၍ လူနေအိမ် ကိုးလုံး ပျက်စီး

လဟယ် ဇွန် ၁

နာဂဒေသ၊ လဟယ်မြို့တွင် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ လူနေအိမ်



ကိုးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လဟယ်မြို့တွင် မေ ၂၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျချောင်းရေကြီးမှုကြောင့် လဟယ်မြို့(တိုးချဲ့-၂)ရပ်ကွက်၊ ကျလွေချောင်းကမ်းပါးဘေးရှိ နေအိမ် ကိုးလုံး ရေတိုက်စားပြိုကျပျက်စီးခဲ့ပြီး လဟယ်-ဆင်သေလမ်း တောင်ကျချောင်းရေကြောင့် လမ်းများပျက်စီးကာ ကျလွေချောင်း ရေအားလျှပ်စစ်နှံ့စစ်ကန်နှင့် ရေအားလျှပ်စစ်စက်ရုံ တောင်ပြို၍ ရွှံ့နှံ့များဖြင့် ပိတ်ဆို့ခဲ့ကြောင်း သိရသည်။

ပျက်စီးမှုအခြေအနေများကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အတွင်းရေးမှူး ဦးလင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

လဟယ်မြို့၊ (တိုးချဲ့-၂)ရပ်ကွက်ရှိ ကျလွေချောင်းကမ်းပါးဘေးရှိ အိမ်ခြေ ကိုးလုံး ရေတိုက်စားပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ထောက်ပံ့ရေးနှင့် ဘေးလွတ်ရာနေရာချထားရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဆင်သေ-လဟယ်နှင့် လဟယ်-ဆင်သေ အထွက်လမ်းမပေါ်ရှိ တောင်ကျချောင်းရေကြောင့် တောင်ပြိုလမ်း ပိတ်ဆို့နေမှုအား လမ်းအထူး(၁၉)မှ စက်ယန္တရားဖြင့် ဖယ်ရှားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကုန်စည်စီးဆင်းမှု မပျက်စေရေးအတွက် အမြန်ဆုံး လမ်းကြောင်းပွင့်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

ကျလွေချောင်း ရေအားလျှပ်စစ်နှံ့စစ်ကန်နှင့် ရေအားလျှပ်စစ်စက်ရုံဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ သဲ၊ ကျောက်စရစ်များ၊ နှံ့များ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားကာ လျှပ်စစ်မီးပုံမှန် အမြန်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

လူနေအိမ် ကိုးလုံး ပျက်စီးဆုံးရှုံးမှုကြောင့် ရေဘေးသင့်ပြည်သူအိမ်ထောင်စု ကိုးစု၊ လူဦးရေ ၄၇ ဦးတို့အား နီးစပ်ရာဆွေမျိုးများထံ ရွှေ့ပြောင်းနေရာချထားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၃၉၄)

# မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ဝန်ထမ်းများ နေပြည်တော်သို့ ဘုရားဖူးခရီးစဉ် သွားရောက်

**မန္တလေး ဇွန် ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မော်တော်ယာဉ်ဌာနမှ ဝန်ထမ်း ၈၀ ဦးတို့သည် တာဝန်ရှိသူများ ကြီးကြပ်လိုက်ပါလျက် ဇွန် ၁ရက် နံနက် ၅နာရီ က နေပြည်တော်သို့ ယာဉ် ၄ စီးဖြင့် ဘုရားဖူးခရီးစဉ် သွားရောက်ခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် မော်တော်ယာဉ်ဌာနမှ ဌာနခွဲမှူး ဒေါ်ချိုချိုမင်းနှင့် ဌာနစုမှူး ဦးဇော်မျိုးလတ်တို့က ဦးဆောင်၍ မဟာဝိဇယစေတီတော်၊ဥပ္ပါတသန္တိစေတီတော်နှင့် ရွှေနန်းသွင်းစေတီတော် (လက်လုပ်တောင်တောရ)သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဌာနက ပို့ပေးတဲ့ ဘုရားဖူးခရီးစဉ်မှာ ခရီးစရိတ်မကုန်ဘဲ မိသားစုလိုက်ပါခွင့်ရခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ခုလိုမိသားစုနဲ့အတူ ကိုယ့်ဝန်ထမ်းတွေ အတူတူ ဘုရားဖူးသွားရတာ ပျော်စရာကောင်းတယ်။ကုသိုလ်ရသလို အပန်းပြေစေတယ် ဟု ဘုရားဖူးခရီးစဉ်လိုက်ပါခဲ့သူ ဌာနမှ ဝန်ထမ်းတစ်ဦးကပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာန ၁၄ခုမှ ဝန်ထမ်းများအား နေပြည်တော်သို့ ဘုရားဖူးခရီးစဉ်အဖြစ် ဌာနတစ်ခုခြင်းစီအလိုက် အလှည့်ကျပို့ဆောင်ပေးလျက်ရှိရာ ဝန်ထမ်းများနှင့် မိသားစုများအတွက် ကုသိုလ်ကောင်းမှုပြုနိုင်သည့်အပြင် ပျော်ရွှင်စရာခရီးစဉ်တစ်ခုဖြစ်သည်ဟု ဆိုသည်။

(ယာပုံ)

မန္တလေးနေ့စဉ်(၉)

၀-၀-၀-၀-၀





# မိတ္ထီလာမြို့နယ်သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်၌ လူထုဖြန့်ဝေမည့်သစ်ပင်ပျိုးပင်ပေါင်း ၉၀၀၀၀ ပျိုးထောင်ဖြန့်ဝေပေးလျက်ရှိ

**မိတ္ထီလာ ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာန၏ မြို့မပျိုးဥယျာဉ်၌ လူထုထံဖြန့်ဝေမည့် သစ်ပင်ပျိုးပင်ပေါင်း ၉၀၀၀၀ အား ပျိုးထောင်ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူးထံက သိရသည်။

၂၀၂၄ ခုနှစ် မိုးရာသီအတွက် မြို့နယ်သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်မှာ ဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ လူထုထံဖြန့်ဝေ စိုက်ပျိုးမယ့် သစ်ပင်ပျိုးပင်ပေါင်း ၉၀၀၀၀ စိုက်ပျိုးပျိုးထောင်ထားရှိပြီး လက်ရှိမှာလည်း လာရောက်ဆက်သွယ်ပြီး သစ်ပင်ပျိုးပင်လာရောက်ယူတဲ့ ဌာနဆိုင်ရာတွေ၊ စာသင်ကျောင်းတွေထံကို ဖြန့်ဝေပေးလျက်ရှိပါတယ်။ ပျိုးထောင်ထားရှိတဲ့သစ်ပင်ပျိုးပင်တွေကတော့ တမာ ၁၇၀၀၀ ပင်၊ စိန်ပန်း ၁၂၀၀၀ ပင်၊ တပေဘူတ ၁၁၀၀၀ ပင်၊ မန်ကျည်း ၁၀၀၀၀ ပင်၊ မယ်ဇလ ၉၀၀၀ ပင်၊ ကုက္ကို ၈၀၀၀ ပင်၊ ဗန်ဒါ ၆၀၀၀ ပင်၊ ရင်းမာ ၆၀၀၀ ပင်၊ ယူကလစ် ၅၀၀၀ ပင်၊ ရေတမာ ၃၀၀၀ ပင်နဲ့ စိန်တံချူ ၃၀၀၀ ပင် ဖြစ်ပြီး စုစုပေါင်းသစ်ပင်ပျိုးပင်ပေါင်း ၉၀၀၀၀ကို စိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်ဟု အဆိုပါမြို့နယ်သစ်တောဦးစီးမှူး ဦးကိုကိုမောင်က ပြောသည်။ မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် လာမည့် ဇွန်လ ၅ ရက်နေ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို လိန်တောကျေးရွာအနီးတွင် ကျင်းပနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၅၃)

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲဝင် မြန်မာယူ-၁၆ အသင်း၏ ပွဲစဉ်ဇယားထွက်ပေါ်

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းမမည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာယူ-၁၆အသင်းသည် အုပ်စု(B)တွင် ကမ္ဘောဒီးယားအသင်းနှင့် အဖွင့်ပွဲစတင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့တွင် ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၄ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အုပ်စုသုံးခုခွဲထားကာ အုပ်စုတစ်ခုစီမှ အုပ်စုပထမရသော အသင်းသုံးသင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရသော အသင်းတစ်သင်း၊ စုစုပေါင်း အသင်းလေးသင်း ဆီမီးအဆင့်သို့ တက်ရောက်နိုင်မည် ဖြစ်သည်။

အုပ်စု(A)တွင် အိမ်ရှင် အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူတို့ ကျရောက်နေပြီး အုပ်စု(C)တွင် ထိုင်း၊ မလေးရှား၊ တီမော၊ ဩစတြေးလျ အသင်းတို့ ကျရောက်နေသည်။

မြန်မာယူ-၁၆ အသင်းအနေဖြင့် ဇွန်လ ၂၂ရက် မြန်မာစံတော်ချိန် ည ၇နာရီတွင် ကမ္ဘောဒီးယား၊ ဇွန်လ ၂၅ရက် နေ့လယ် ၂:၃၀နာရီတွင် ဘရူနိုင်း၊ ဇွန်လ ၂၈ရက် နေ့လယ် ၂:၃၀ နာရီတွင် ဗီယက်နမ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ **(NGB)**




# မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်၊အလုပ်အမှုဆောင် အစည်းအဝေးကျင်းပ



**မန္တလေး ဇွန် ၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစုပါစင်တာ စတုတ္ထထပ်ရှိမန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် မေ၃၁ရက် နံနက်၁၀နာရီခွဲက အသင်းဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အစည်းအဝေး ၅/၂၀၂၄ကျင်းပရာအသင်းဥက္ကဋ္ဌဦးဝင်းဌေး၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီးဒုတိယဥက္ကဋ္ဌများကနှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့်အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပရေးဆိုင်ရာများကိုလည်းကောင်း၊ အထွေထွေအတွင်းရေးမှူးနှင့်အသင်းအလုပ်အမှုဆောင်များက ကုန်သွယ်မှုမြှင့်တင်ရေး၊ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများပြသရေးဆိုင်ရာများနှင့် တရုတ်နိုင်ငံသို့စိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရာတွင် GACC မှတ်ပုံတင်ခြင်းဆိုင်ရာအသိပညာပေးအစီအစဉ်သို့ တက်ရောက်နိုင်ရေးတို့ကိုအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်ပြည်သူ(မန္တလေး)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ခန္တီး ဇွန် ၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာ ပြန့်ပွားရေးအတွက် အသိပညာပေးလုပ်ငန်းများစွာ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Center)ခန်းမ၌ ကလေးအလုပ်သမားများနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာဗဟုသုတများ ပိုမိုသိရှိနားလည်လာစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်(၁၀)နာရီကကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲတွင် ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးသီဟထက်အောင်က ကလေးအလုပ်သမားအဓိပ္ပာယ်နှင့်ပတ်သက်၍လည်းကောင်း၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်(၃)ရပ်နှင့် ပတ်သက်၍လည်းကောင်း၊ ကလေးအလုပ်သမား၏ အသက်အရွယ် အပိုင်းအခြားများနှင့်ပတ်သက်၍ လည်းကောင်း၊ ကလေးအလုပ်သမားများ၏ အလုပ်အချိန် ကန့်သတ်ချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဟောပြောရာ တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြသည်။

ထို့နောက် ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီက ထုတ်ဝေထားသည့် ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးဖေယျာရွှေမြေ လက်ကမ်းစာစောင်အား ကျောင်းသား၊ ကျောင်းသူလေးများ၏လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတကာ အားကစား သတင်းများ

## ဆော်ဒီဘုရင့်ဖလားပြိုင်ပွဲ ချန်ပီယံဆုအား အယ်လ်ဟီလယ်အသင်း ဆွတ်ခူး



**လန်ဒန် ဇွန် ၁**

ဆော်ဒီဘုရင့်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အယ်လ်ဟီလယ်အသင်းနှင့်အယ်လ်နာဆာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အယ်လ်ဟီလယ်အသင်းက အယ်လ်နာဆာအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အယ်လ်ဟီလယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဆော်ဒီဘုရင့်ဖလား ချန်ပီယံဆုအပြင် စူပါဖလား၊ ဆော်ဒီလိဂ်အမှတ်ပေးဖလားတို့ကိုလည်း ရယူနိုင်ခဲ့သည်။

အယ်လ်ဟီလယ်အသင်းထုတ်ပြန်ချက်တွင် ဆော်ဒီဘုရင့်ဖလား ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ ဗိုလ်လုပွဲစဉ်မှာ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ နောက်ထပ်လည်း ယခုလို ဆုဖလားများစွာ သိမ်းပိုက်ရယူသွားလိုပါတယ် ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**(NGB)

## ဟယ်ရီကိန်း ဘိုင်ယန်မြူးနစ်အသင်းတွင် ဆက်ရှိသွားမည်

**မြူးနစ် ဇွန် ၁**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများအပြင်၊ အခြားကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက



အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး ၄၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက ကျွန်တော်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းက ပရိသတ်တွေကလည်း အလွန်အားပေးကြပါတယ်။ အသင်းဖော်တွေကလည်း အကောင်းဆုံး ပံ့ပိုးကူညီကြတယ်။ လာမည့်ဘောလုံးရာသီမှာလည်း အသင်းအတွက် သွင်းဂိုးအမြောက်အမြား သွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ ဟု ပြောသည်။

(NGB)

## လူကာကူအား စတာလင်ပေါင် ၃၈သန်း ရရှိပါက ချဲလ်ဆီးအသင်း ရောင်းချသွားမည်

**လန်ဒန် ဇွန် ၁**

ချဲလ်ဆီးအသင်းသည် အသင်းတိုက်စစ်မှူးလူကာကူအား ပြောင်း



ရွှေ့ကြေး စတာလင်ပေါင် ၃၈သန်း ရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ ရိုးမားအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၄၇ ပွဲကစားကာ ၂၁ဂိုး သွင်းယူပြီး ခြေစွမ်း ပြထားသည်။

တိုက်စစ်မှူး လူကာကူကို လက်ရှိအချိန်တွင် နာပိုလီအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ချဲလ်ဆီးအသင်းကလည်း လူကာကူအတွက် ၄င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေး ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း လူကာကူအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**
(NGB)



## 2024 French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Jannik Sinner တက်ရောက်

**ပဲရစ် ဇွန် ၁**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲ ဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 French Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ရုရှားတင်းနစ် ကစားသမား Pavel Kotov အား ၆-၄၊ ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် အိမ်ရှင်ပြင်သစ် တင်းနစ်ကစားသမား Corentin Moutet တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။**(အပေါ်ပုံ)**(NGB)

## ကာမာဒါအား ခေါ်ယူရန် ခရစ္စတယ်ပဲလေ့စ်အသင်း စိတ်ဝင်စား

**လန်ဒန် ဇွန် ၁**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် လာဇီယိုအသင်းကွင်းလယ်ကစားသမား ကာမာဒါအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လာဇီယိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၈ ပွဲကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကာမာဒါကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် လာမည့်နွေရာသီ ဈေးကွက်အတွင်းတွင် လာဇီယိုအသင်းထံမှ ကာမာဒါအား ရရှိ



အောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**(NGB)

## နည်းပြ အာတီတာအား လစာတိုး၍ စာချုပ်သက်တမ်းတိုးရန် အာဆင်နယ်အသင်း စီစဉ်

**လန်ဒန် ဇွန် ၁**

အာဆင်နယ်အသင်းသည် အသင်းနည်းပြ အာတီတာအား လစာတိုး၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အဆိုပါ နည်းပြ၏ လက်ရှိလစာသည် တစ်နှစ်လျှင် စတာလင်ပေါင် ၉သန်း ရရှိပြီး၊ စာချုပ်သက်တမ်းတိုးခဲ့ပါက တစ်နှစ်လုပ်ခ လစာငွေ စတာလင်ပေါင် သန်း၂၀ ထိ ရရှိသွားမည်ဖြစ်သည်။

နည်းပြ အာတီတာသည် အာဆင်နယ်အသင်းအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၃၂ ပွဲတွင် ၁၃၇ ပွဲနိုင်၊ ၃၈ ပွဲသရေ၊ ၅၇ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အာဆင်နယ်အသင်း ထုတ်ပြန်ချက်တွင် နည်းပြ အာတီတာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**
(NGB)



## မော်ရင်ဟိုအား နည်းပြသစ်အဖြစ် ဖီနာဘာချီအသင်းခန့်အပ်ဟု သတင်းများ ဖော်ပြ

**လန်ဒန် ဇွန် ၁**

တူရကီကလပ် ဖီနာဘာချီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြမော်ရင်ဟိုအား ခန့်အပ်ခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နည်းပြသည် ဖီနာဘာချီအသင်းနှင့်အတူ ၂နှစ်+ ၁ နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားဖွယ်ရှိသည်။

နည်းပြ မော်ရင်ဟိုသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် ဘင်ဖီကာ၊ မန်ချက်စတာယူနိုက်တက်၊ စပါး၊ ရီးမား၊ ချဲလ်ဆီး၊ ရီးရဲလ်မက်ဒရစ် စသည့် ကလပ်အသင်းများအပြင်၊ အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြတစ်ဦးဖြစ်သည်။

ဖီနာဘာချီအသင်းကလည်း အသင်းပုံစံပြောင်းလဲတည်ဆောက်နိုင်ရေးအတွက် ဝါရင့်နည်းပြ မော်ရင်ဟိုအား နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့ခြင်းဖြစ်သည်။

**(အပေါ်ယာပုံ)**
(NGB)



### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉)ပွဲကျန်

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၆-၂၀၂၄<br>ည ၁၀:၃၀ နာရီ | (၄)အတ္တလန်တာ – ဖီအိုရင်တီးနား(၈)<br>(ဖီအိုရင်တီးနား ၃-၂ အတ္တလန်တာ) | အတ္တလန်တာ ၁-၀ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၁-၁ အတ္တလန်တာ | အတ္တလန်တာ(အိမ်) | ၁၈ | ၁၃ | ၂ | ၃ | ၄၀ | ၁၃ |
| | | | ဖီအိုရင်တီးနား(ဝေး) | ၁၈ | ၆ | ၄ | ၈ | ၂၀ | ၂၂ |




## ရတနာပုံတက္ကသိုလ်၌ အရည်အသွေးမြှင့်မွမ်းမံသင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် စီမံရေးရာဝန်ထမ်းများအား နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန် မြန်မာစာ(ရုံးစာရေးသားနည်း)၊ ရုံးသုံးအင်္ဂလိပ်စာ(အရေး၊ အဖတ်၊ အပြော၊ အကြား)နှင့်အခြေခံကွန်ပျူတာသင်တန်းမွမ်းမံသင်တန်းဆင်းပွဲနှင့်သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက သင်တန်းဆင်း ဂုဏ်ပြုအမှာစကား ပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပါမောက္ခချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ် ချီးမြှင့်သည်။

အဆိုပါ သင်တန်းများကို မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ ကွန်ပျူတာသိပ္ပံပညာဌာနများတွင် မေ ၂ ရက်မှ ၃၁ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်းနှင့်သင်တန်းသို့ စီမံရေးရာဝန်ထမ်း ၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၈၂)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## အမရပူရမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

**အမရပူရ ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက် နံနက် ၈ နာရီခွဲက အဆိုပါ မြို့နယ်ရှိ အ-ထ-က(၁)ကျောင်း အမရအောင်မြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်စန်းဝင်း၊ မြို့နယ်ပညာရေးမှူးဒေါ်ထားထားစိန်နှင့်ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တက်ရောက်ကြပြီး အ·ထ·က(၂) ကျောင်းသား၊ ကျောင်းသူများက တိုင်းနိုင်ငံအားလုံး ကျောင်းအပ်ကြစို့ကွယ် သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ် ကလေးအားလုံးကို ကျောင်းသို့ အရောက်ပို့ဆောင်ပေးနိုင်ရေးအတွက် မိဘများအနေဖြင့် အထူးအလေးထား ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့က မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေသော ပုံနှိပ်ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများပေးအပ်ခဲ့ရာ ခရိုင်၊ မြို့နယ်ပညာရေးမှူးနှင့်ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက လက်ခံရယူခဲ့ကြသည်။



အခမ်းအနားတွင် မုန့်တန်းအခြေခံပညာအလယ်တန်းကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းကို အလှူရှင်ဦးညီညီနိုင်မိသားစုက လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းပပမိုးက လက်ခံရယူခဲ့ပြီး မယ်တော်စုအခြေခံပညာမူလတန်းကျောင်းအတွက် ဘိလပ်မြေအလုံး ၁၅၀ တန်ဖိုးငွေကျပ် ၁၅ သိန်းကို အလှူရှင် ဦးတင်လင်းမောင်နှမတစ်စုတို့က လှူဒါန်းရာ ကျောင်းအုပ်ဆရာမ ဒေါ်ခင်မျိုးဆွေက လက်ခံရယူခဲ့သည်။ အခမ်းအနားတွင် အိုးတော်မူလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အသီးတစ်ရာ အညာတစ်ခုသီချင်းဖြင့် တေးသရုပ်ဖော်ကပြခဲ့ပြီး အ·ထ·က(၂) ကျောင်းသား၊ ကျောင်းသူများက ဘက်စုံပညာသို့ရည် တို့လှမ်းချီ သီချင်းသီဆိုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)စိုးသီဟ(အမရ)**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်

**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ရောင်းချပေးသွားမည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၃ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်(ဈ-၁/ဈ-၂)ကြား၊ ၆၁ လမ်းနှင့် ၁၀၇ လမ်းထောင့်၊ စည်ပင်မော်တော်ယာဉ်ဌာနအနီး တွင်လည်းကောင်း၊ ဇွန် ၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ အကွက်(လလ-၆၈)၊ ၁၃၉ လမ်းနှင့် ၁၄၀ လမ်းကြား တွင်လည်းကောင်း၊ ဇွန် ၅ ရက်တွင် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ကြေးလက်ဆက်ဘုရားဝင်း၊ တရုတ်တန်းလမ်းနှင့် မောင်းတန်းလမ်းဆုံတွင် လည်းကောင်း၊ ဇွန် ၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၄၁၈)၊ အုတ်စက်ရှာလယ်မှော်ရုံရှေ့၊ ၆၂လမ်း၊ ၁၄ လမ်းအရှေ့ဘက်၊ နဒီမြောင်းအနီး တွင်လည်းကောင်း နေ့စဉ် နံနက် ၆ နာရီခွဲမှစ၍ ရောင်းချပေးမည် ဖြစ်ပြီး ဇွန် ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**




## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**ကျောက်ဆည် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းကာ မေ ၃၀ ရက် နံနက်ပိုင်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထိမ်းအမှတ်အဖြစ် "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"အကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ(Talk Show) အစီအစဉ်ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက (Talk Show)ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးလှမင်းသန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စိုးစံတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ နောက်ခံသမိုင်းအကြောင်း၊ သဲကန္တာရရဲ့အဓိပ္ပာယ်၊ သဲကန္တာရဖြစ်ပေါ်လာပုံအကြောင်းအရင်း၊ သဲကန္တာရတိုက်ဖျက်ရေးနှင့်မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေးဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဘယ်လိုနည်းလမ်းတွေ အသုံးပြုပြီး မြေယာကို ပြန်လည်ပြုပြင်ပေးမလဲ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် အသိပညာပေး ဆွေးနွေးပွဲ (Talk Show) အစီအစဉ်များရိုက်ကူးထုတ်လွှင့်ခြင်း အပါအဝင် ပြည်သူအသိပညာပေး ဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး (Talk Show)အစီအစဉ်များကို ပြည်သူများအကျိုးရှိစေမည့် ခေါင်းစဉ်အလိုက် ရိုက်ကူးထုတ်လွှင့်ခြင်းအား လူထုအခြေပြုဗဟိုဌာန၌ လစဉ် ပုံမှန်ကျင်းပလျက်ရှိကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**



## စစ်ကိုင်းတိုင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင်ပြေရန် သယ်ယူပို့ဆောင်ရေးစနစ်များ ပြည့်စုံကောင်းမွန်အောင် ဖန်တီးပေးရမည်

**စစ်ကိုင်း ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ပြည်ပခရီးသွားများ အဆင်ပြေချောမွေ့စေရန် သယ်ယူပို့ဆောင်ရေးစနစ်များ ပြည့်စုံကောင်းမွန်အောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်က ပြောကြားသည်။

"ခရီးသွားလာကြတဲ့ ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်တွေ အဆင်ပြေချောမွေ့စေဖို့ သယ်ယူပို့ဆောင်ရေးစနစ်တွေဖြစ်တဲ့ လေယာဉ်ခရီးစဉ်၊ ယာဉ်၊ ရထား၊ Taxi အထိ ပြည့်စုံကောင်းမွန်အောင် ဖန်တီးပေးရမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်ဦးမြတ်ကျော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၅/၂၀၂၄) အစည်းအဝေးကို မေ ၃၀ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းအခြေအနေမှန်အားသိရှိ၍ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည့် ပံ့ပိုးမှုများ ပေးနိုင်ရန်အတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကို လစဉ်ပြုလုပ်လျက်ရှိသည်။

အစည်းအဝေးသို့ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်၊တည်းခိုရိပ်သာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးမြင့်စိန်က ခရီးသွားလုပ်ငန်းကော်မတီ ၄/၂၀၂၄ ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲ အခြေအနေများ၊ ယခု အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များနှင့် ဟိုတယ်၊တည်းခိုရိပ်သာလုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားဝင်ရောက်မှု၊ ခရီးသွားဒေသများ ပတ်ဝန်းကျင်များတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးအခြေအနေများကို ဆွေးနွေးတင်ပြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၃၉၄)**

## သင်္ဘောချောင်း၊ ကန်တော်ကြီး၊ တောင်သမန်ကန်နှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေးအတွက် နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့်တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဘောချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်း အလယ်ပေါင်တံတား အနောက်ဘက်ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ချမ်းအေးသာစံမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဘောချောင်းအရှေ့ဘက်ပတ်လမ်း ၂၇လမ်းနှင့် ၂၈လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဘောချောင်းနှင့် ကြည်းချောင်းဆုံသည့်နေရာတွင် ဒိုက်နှင့် နွံများကို Sunton စက်အသုံးပြု၍ ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

သင်္ဘောချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကိုမြောင်းရေနှင့်ဆေးချသည့်နည်းအသုံးပြုဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦး၊ ဘက်ဟိုးစက်တစ်စီးနှင့် မော်ဆယ်စက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းဆောင်ရွက်ကြရာ တန် ၈၀ ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက် နှစ်စီးဖြင့် ဖြတ်တောက်ဆောင်ရွက်ရာတွင် နှစ်ဧကခွဲခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နေ့လယ်ပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂) ၂၇လမ်းနှင့်၂၈လမ်းကြား လမ်းဘေးဝဲ၊ ယာနှင့်လမ်းလယ်ကျွန်းနေရာများတွင် အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



## ၂၀၂၄ခုနှစ် ရွှေမန်းမောင်မယ်ပြိုင်ပွဲ မန္တလေးမြို့ ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပမည်

**မန္တလေး ဇွန် ၁**

၂၀၂၄ခုနှစ်၊ ရွှေမန်းမောင်မယ်ပြိုင်ပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီတွင် ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တို့အား ဇွန် ၂၈ ရက် နံနက် ၈ နာရီတွင် ဗထူးကွင်းရှိ မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုစခန်းတွင် ခါးနံပါတ်ပေးခြင်းနှင့် အရပ်ပေတိုင်းခြင်းများ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးမည် ဖြစ်သည်။ အဆိုပါ ၂၀၂၄ ခုနှစ် ရွှေမန်းမောင်(က)လွတ်တန်းကာယဗလမောင်ပြိုင်ပွဲတွင် ၁။၂၀၂၃ ပြည်နယ်နှင့် တိုင်းပထမရရှိသူနှင့် မြန်မာ့လက်ရွေးစင်များ ယှဉ်ပြိုင်ခွင့်မပြုကြောင်း ၂။ ပြိုင်ပွဲဝင် ၅ ဦးရှိမှ ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ၃။ Winner ဆုတစ်ဆုတည်း ပေးအပ်ချီးမြှင့်မည် သိန်း ၃၀၊ (ခ) ရွှေမန်းမောင်ပြည်နယ်နှင့် တိုင်းမှာ ၂၀၂၃ ခုနှစ် ပထမရရှိသူနှင့် မြန်မာ့လက်ရွေးစင်များ ယှဉ်ပြိုင်ခွင့်မပြုကြောင်းနှင့်

၁။ ကာယဗလမောင်(70kg) ထက်

၂။ ကာယဗလမောင် (70kg) အောက်

၃။ Men`sports phy sique (170cm) ထက်

၄။ Men`s sports physique (170cm)အောက်

၅။ Men`s Athletic physique

(ဂ)ရွှေမန်းမယ်ပြည်နယ်နှင့် တိုင်း ၂၀၂၃ ခုနှစ် ပထမရရှိသူနှင့် မြန်မာ့လက်ရွေးစင်များ ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊

(၆) Women`s Model physique(160cm) ထက်

(၇)Women`s Model physique(160cm)အောက်

(၈)Women`s Athletic physique

(ဃ)ပြိုင်ပွဲတန်းတိုင်းတွင် ပြိုင်ပွဲဝင် ၅ ဦးရှိမှ ပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲဝင်တစ်ဦးပြိုင်ပွဲ ၂တန်း ယှဉ်ပြိုင်ခွင့်ပြုမည်။ (ပြိုင်ပွဲဝင်ဖောင်တစ်စောင် သုံးသောင်း နှစ်တန်းပြိုင်ပါက ခြောက်သောင်း ပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် ဦးထွန်းလှိုင်(အတွင်းရေးမှူး) ၀၉-၄၄၄၀၂၀၈၀၂၊ ဦးမျိုးဆက်အောင် တွဲဖက်အတွင်းရေးမှူး(၁) ၀၉-၈၇၄၄၅၅၄၉၄၊ ဦးနေဆန်း (တွဲဖက်အတွင်းရေးမှူး(၂) ၀၉-၇၉၅၆၈၁၂၂၇ တို့ထံ စာရင်းပေးသွင်းဆက်သွယ်နိုင်ကြောင်း ပြိုင်ပွဲ ကျင်းပရေး အတွင်းရေးမှူးထံက သိရသည်။ **(၀၄၀)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**ကလော ဇွန် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး မြေစိုက်ပိုစတာ(Bill Board) စိုက်ထူခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက လူစည်ကားသည့် နေရာများတွင် စိုက်ထူခဲ့သည်။

ထိုသို့ အသိပညာပေးမြေစိုက်ပိုစတာ(Bill Board) စိုက်ထူရာတွင် ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကလောမြို့နယ်စည်ပင်သာယာရေးဌာနများနှင့် ပူးပေါင်း၍ ဇွန် ၅ ရက်တွင် ကျရောက်မည့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အသိပညာပေးမြေစိုက်ပိုစတာ (Bill Board) အား ကလောမြို့မဈေးအနီး ကုန်သည်လမ်းနှင့် ကလောဘူတာလမ်းဆုံတွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**



**မြို့နယ်(ပြန်/ဆက်)**

# ပြန်လှည့်ကြည့်ဖြစ်ခဲ့တဲ့ သဏ္ဍာရာဇ်များ (၇၂)

၁၉၈၈ ခုနှစ်တွင် ရပ်နားခဲ့သော မဂ္ဂဇင်းအချို့ ပြန်ထွက်လာသည်။ မဂ္ဂဇင်းများ ပြန်ထွက်လာသောကြောင့် ယင်းမဂ္ဂဇင်းများကို ဖတ်ရှုကြည့်မိပြီး ၁၉၈၈ တစ်နှစ်လုံး ဘာစာမှမရေး၊ ဘာကဗျာမှ မရေးဘဲနေခဲ့သော ကျွန်တော် ကဗျာရေးချင်စိတ်များ ပြန်လည်နိုးထလာမိသည်။

ထို့ကြောင့် ကဗျာဆရာကြီးများ၏ ကဗျာများဖြင့် မွေ့လျော်နေမိရာကနေ ကဗျာလိပ်ပြာနိုးလာသောကြောင့် ကဗျာများပြန်လည်ရေးဖွဲ့ဖြစ်သည်။ မှတ်မှတ်ရရ ၁၉၈၉ ခုနှစ်တွင် ပထမဆုံးပြန်လည်ရေးဖွဲ့ဖြစ်သော ကဗျာမှာ 'ရာစုသစ် တိပ်ခွေ' ကဗျာဖြစ်သည်။

ယင်းကဗျာသည် ကျွန်တော်၏ စိတ်ကူးအသစ်ဖြင့် စမ်းသပ်ဖန်တီးထားသော ကဗျာဟု ဆိုရပေမည်။ အကြောင်းအရာ၊ ပုံသဏ္ဌာန်တို့ အသစ်ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ကဗျာကို အသစ်ဖန်တီးထားသည်ဟု ဆိုရသော်လည်း ကဗျာ၏ အနှစ်သာရဖြစ်သော 'ကာရန်' ကို အားပြု၍ တစ်ပါဒနှင့်တစ်ပါဒ ကာရန်ချိတ်မိအောင် အထူးဂရုစိုက်ထားပြီး လေးလုံးစပ်လင်္ကာသွားကို အခြေခံထား ရေးဖွဲ့ပါသည်။

ဆရာကြီး မင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ ဆရာဒဂုန်တာရာတို့၏ ကဗျာလင်္ကာသွားများကိုလည်း အားကျ၍ 'အသံ' ပါအောင်လည်း ထည့်ရေးထားသဖြင့် ကျွန်တော်ရေးခဲ့သမျှ ကဗျာများစွာထဲမှ ကျေနပ်အားအရဆုံး ကဗျာတစ်ပုဒ်လည်း ဖြစ်ပါသည်။ ခံစားဖတ်ရှုကြည့်စေဖို့ ဖော်ပြပေးလိုက်ရပါသည်။

**ရာစုသစ် တိပ်ခွေ**

(ဆိုက်-A)
ရုပ်ပုံလွှာ
ကဗျာအပိုင်းအစ
ဝေရဲ့ ပန်းသီး
ဓါးသီးတဲ့ စစ်ပွဲ
ဓာတ်ခွဲခန်း
စမ်းသပ်လှောင်အိမ်
ရေခဲစိမ်သားငါး
ရွှေ့လျားလွင်ပြင်
ကောင်းကင်ကောက်ကြောင်း
ဂူအောင်းယဉ်ကျေးမှု
သီချင်းတုတွေနဲ့ ဥယျာဉ်
ဆင်ဖိုနီဂီတ
ဘဝရသ
ချိုမြသလား
ရှုတသလား။
(ဆိုက်-B)
မိုတက်စီးကရက်
ချိုးဖြူငှက်
အိပ်မက်ယန္တရား
အလှတရား
ခေတ်ပြိုင် ခံစားမှု
လူ့အဖွဲ့အစည်း
ခရီးရှည်တမ်းချင်း
ပန်းခင်း တောင်တန်း
ကြေညာစာတမ်း
ဘဝ အလွမ်းအမော
တောအုပ် မြို့ပြ
သင်္ကေတဝါဒီ
အင်ပရက်ရှင်း ပန်းချီ
နာရီတွေ ကျောပိုးထားတဲ့ ရထား
အနာဂတ်ဆီ ခုတ်မောင်းသွား။

သွယ်အောင်

ယင်းကဗျာ၏ ထူးခြားချက်မှာ ဆိုက်-A၊ ဆိုက်-B နှစ်ပိုင်းခွဲထားသော်လည်း အပိုင်းနှစ်ပိုင်းလုံးတွင် ကဗျာပါဒ ၁၅ ကြောင်းစီ အညီအမျှဖြစ်အောင်ရေးဖွဲ့ထားသည်။ ယင်းကဗျာကို ရန်ကုန်ရှိ လစဉ်ထုတ်ဝေနေကျ မဂ္ဂဇင်းနှစ်စောင်ကို ပို့ကြည့်ရာ ရွေးချယ်မခံရဘဲ အပယ်ခံရသဖြင့် ကျွန်မဂ္ဂဇင်းများကို ဆက်လက်ပေးပို့ခြင်းမရှိဘဲ စာအုပ်ထဲသေချာပြန်ကူးပြီး သိမ်းဆည်းထားလိုက်ပါသည်။

နောင် ၇ နှစ်ခန့်အကြာ ၁၉၉၆ ခုနှစ်တွင် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ရန်ကုန်မီးရထားပို့ဆောင်ရေး မဂ္ဂဇင်းတွင် 'ရာစုသစ်တိပ်ခွေ' ကဗျာ ပုံနှိပ်စာလုံးအဖြစ် ဖော်ပြခြင်းခံခဲ့ရသည်။ ကဗျာတစ်ပုဒ်ရေးဖွဲ့ပြီးချိန်မှ အချိန်ကာလမည်မျှကြာမှ ပုံနှိပ်စာလုံးဖြစ်မည်ကို ခန့်မှန်း၍ မရပါ။ ကဗျာဖော်ပြခြင်းခံရမှုမှာ ယနေ့ကဗျာရေးဖွဲ့၍ မနက်ဖြန်ပုံနှိပ်ကဗျာဖြစ်ရမည်ဟု အတတ်ပြော၍ မရသည်ကို ကိုယ်တွေ့ကြုံခဲ့ရသည်။

ကဗျာရေးဖွဲ့အပြီး အချိန်အကြာကြီးနေမှ မဂ္ဂဇင်း စာမျက်နှာတွင် ဖော်ပြခဲ့ရသည့်အတွက် ဝမ်းမနည်းပါ။ စိတ်မကောင်းမဖြစ်ပါ။ ကျေနပ်ပျော်ရွှင်မိသည်။ အဘယ်ကြောင့်ဆိုရသော် ကဗျာဆရာကြီးရာဘင်ဒြာနတ်တဂိုး၏ အယူအဆအရ ကဗျာသည် ဝိုင်အရက်နှင့်တူသည်။ ဝိုင်အရက်သည် ကြာလေ ကောင်းလေဖြစ်သည်။ ထို့အတူ ကဗျာသည်လည်း ကြာလေ ကောင်းလေဖြစ်သောကြောင့် ကဗျာရေးဖွဲ့ခြင်းကို သေသည့်တိုင် ရေးဖွဲ့မည်ဟု ဆုံးဖြတ်ထားပါသည်။

၁၉၈၉ ခုနှစ်တွင် မဂ္ဂဇင်းများထွက်ရှိလာခဲ့သော်လည်း အချို့မဂ္ဂဇင်းမှာ များစွာပြောင်းလဲသွားကြသည်။ မဂ္ဂဇင်းကို ဦးဆောင်ထုတ်ဝေသော ထုတ်ဝေသူ(အုပ်ချုပ်ရေးမှူး)ပြောင်းသွားသည်။ စာတည်း(အယ်ဒီတာအဖွဲ့ဝင်)တွေ ပြောင်းလဲသွားသည်။ မဂ္ဂဇင်းတိုက်နေရာသစ်၊ လိပ်စာသစ် ဖြစ်သွားသည်။

ချယ်ရီမဂ္ဂဇင်းသည် အားလုံးပြောင်းလဲသွားသည်။ သို့သော် 'ချယ်ရီမဂ္ဂဇင်း' ဆိုသည့် (Logo) လိုဂိုစာလုံး(Fount)ဖောင့် လုံးဝမပြောင်းလဲဘဲ နဂိုရှိရင်းထုတ်ဝေခဲ့သည့် လိုဂိုစာလုံးဖြင့် ပြန်လည်ထုတ်ဝေသည်။

မာတိကာအပြင်အဆင်များကိုလည်း ပြောင်းလဲထားသည်။ ယခင် 'အသစ်ကဗျာ၊ အနှစ်ကဗျာ၊ အချစ်ကဗျာ' ဟု တင်ဆက်ခဲ့သည့်အတိုင်းမဟုတ်ဘဲ 'ကဗျာပဒေသာ' ဟု ပြောင်းလဲပစ်လိုက်သည်။ ထို့အတူ ကျန်ကဏ္ဍများကိုလည်း ကာတွန်းပဒေသာ၊ အလှဆင်ပဒေသာ၊ ဆောင်းပါးပဒေသာ၊ ဝတ္ထုပဒေသာ စသည်ဖြင့် ပြောင်းလဲသွားသည်။

ယခင်ထွက်ခါစ တာဝန်ခံစာတည်း(အယ်ဒီတာ)ဆရာအောင်ပြည့်အစား ဆရာအောင်ကျော်စည် ဖြစ်သွားသည်။ ဆရာအောင်ပြည့် အယ်ဒီတာလုပ်စဉ်က ကျွန်တော်ရေးပို့ခဲ့သော ကဗျာသည် ရွေးချယ်စာရင်းတွင် ဖော်ပြခံခဲ့ရပြီး ယင်းစာမူကိုပင် နောက်ဆက်လက် လက်ခံဆောင်ရွက်သည့် အယ်ဒီတာအဖွဲ့က မပယ်ဘဲ ပြန်လည်ဖော်ပြသည်ကိုလည်း အမှတ်ရမိနေသည်။



ယင်းကဗျာမှာ 'ဒီရေမြင့်သစ် အချစ်စစ်ရဲ့ ခွန်အားတွေ' ကဗျာဖြစ်သည်။ ချယ်ရီမဂ္ဂဇင်း အပြောင်းအလဲဖြစ်၍ ယင်းကဗျာမသုံးဖြစ်တော့ဘဲ ပယ်လိုက်ပြီဟု ယူဆနေစဉ် နောက်အယ်ဒီတာအဖွဲ့ ပြန်လည်ဖော်ပြပေးခဲ့သဖြင့် ပျော်ရွှင်ကြည်နူးဝမ်းသာရပေသည်။

**ဒီရေမြင့်သစ် အချစ်စစ်ရဲ့ ခွန်အားတွေ**

'အမေဆိုတာ အင်အား
အမေဆိုတာ ဉာဏ်ပညာ
အမေဆိုတာ မေတ္တာပင်လယ်'
(အင်တေလာ)

* ငယ်အိပ်မက်များ
ဆေးသား မပြယ်သေးပါ
ဖက်တွယ်ခဲ့တဲ့ အမေ့ရင်ခွင်
ကြင်နာဖွယ် သင်္ကေတ
ပန်းပွင့်များ ဒဿန
လှပစွာ ဖူးဝေ ဒီရေမြင့်သစ်
အချစ်စစ်ရဲ့ ခွန်အားတွေ
ဝေ.... ဝေ....ဝေနေရဲ့။

* နှင်းစက်တွေရဲ့ ရသ
အေးမြမှု ဘာသာဗေဒ
ညပေါင်းများစွာရဲ့ ငြိမ်သက်ခြင်း
ကောင်းကင်ပေါ်က ငွေလမင်း
ကျွန်တော့်ရင်တွင်းမှာ
စီးဆင်းလို့နေ....
လွမ်းရတယ် အမေ။

* အမေ့ရဲ့ ရင်ခွင်ပုခက်
နှစ်သက်ပျော်မွေ့
အောက်မေ့လျက်ပါ။

* အမေ့ရဲ့ ချိုတေးမှာ
မှေးပျော် အိပ်စက်
တသ,လျက်ပါ။

* အမေ့ရဲ့ ပုံပြင်များ
နှလုံးသားမှာ ခွေရစ်
အမြစ်တွယ်လို့နေဆဲပါ။

* အမေရယ် ငယ်ဘဝရဲ့
ရင်ခုန်သံ လှိုင်းတံပိုးများ
သွေးနှီးတဲ့ ဂီတလို ချိုမြနေဆဲပါ။

* အမေရဲ့ စေတနာဟာ
လားရာဖြောင့်တန်းတဲ့
မြားတစ်စင်း အလျင်မျိုးလိုပ
အနာဂတ်မှာ ကျွန်တော့်ဘဝ
လှပစွာ ရပ်တည်ရဲဖို့
လောကထဲ ဆွဲတင်
ပညာတွေ သင်ကြားပေးဝေ
ကျေးဇူးအသရေ်ပါ အမေ ။

* အမေ့ရဲ့ ထာဝရအချစ်
ပျိုမျစ်သန့်စင်
ပင်လယ်ပြင်တမျှ
ကြီးမားလှတဲ့ မေတ္တာတရား
အရေးထားပါတယ်
လေးစားပါတယ်။

* အမေ့ရဲ့ ကြင်နာမှုများ
အမေ့ရဲ့ နွေးထွေးမှုများ
အမေ့ရဲ့ အားပေးမှုများဟာ
ဓားသွား အဆတစ်ရာထက်
အစွမ်းထက်စေတယ်ဆိုတာ
ယုံကြည်ခဲ့ပါပြီ ။

* ကျွန်တော့် အသည်းနှလုံးရဲ့
အနက်ရှိုင်းဆုံးနေရာမှာ
အမေ့ရုပ်ပုံလွှာ တည်ရှိတယ်။

* အို.... အမေ
ဒီရေမြင့်သစ်
အချစ်စစ်ရဲ့ ခွန်အားတွေ
ဝေ.... ဝေ .....ဝေ နေလေရဲ့။

သွယ်အောင်

(အမှတ်-၅၅၊ ချယ်ရီမဂ္ဂဇင်း၊ ၁၉၈၉)

ကဗျာများ ဖတ်ရှုခံစားခြင်း၊ ကဗျာများ ရေးဖွဲ့ခြင်းဖြင့် ကဗျာကို မွေ့လျော်မိနေမိသည်။

**သွယ်အောင်**



# အခြေခံပန်းချီရေးဆွဲနည်း သင်တန်းနှင့် English Speaking သင်တန်းဆင်းပွဲ ကျင်းပ




**တမူး ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် English Speaking သင်တန်းဆင်းပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် တမူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က ကျောင်းသား၊ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူများအား အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ English စာနှင့် ပန်းချီရေးဆွဲနည်းပညာကို စိတ်ပါဝင်စားသော ကလေးငယ်များအား အခြေခံမှစတင်လေ့လာနိုင်ရေးတို့အတွက်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးခဲ့ကြသည့် သင်တန်းနည်းပြဆရာများအား ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းများတွင် သင်တန်းနည်းပြဆရာများမှ Basic Gramman Basic Speaking နှင့် အခြေခံပန်းချီရေးဆွဲနည်းများ၊ မျဉ်းအကြောင်း၊ ဆတိုး၊ ဆခွဲနည်း၊ ကာတွန်းခေါင်းပုံသဏ္ဌာန်ရေးဆွဲနည်း (မျက်လုံး၊ နား၊ နှာခေါင်း၊ ပါးစပ်)၊ ခန္ဓာကိုယ် ရေးဆွဲနည်း၊ ကာတွန်းအချိုးအစား၊ သစ်ပင်ပန်းမာလာရေးဆွဲနည်း၊ အနီးအဝေးနည်းပညာ၊ အရာဝတ္ထုရေးဆွဲနည်းများကို တစ်လကြာ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးတို့အား ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေပြည်တော်

## သစ်ပင်စိုက်မယ် အရိပ်ရလွယ်

* သန်းပေါင်းများစွာ
လူသားကမ္ဘာ
သစ်ပင်များများ စိုက်ကြပါ ။
အိုဇုန်းလွှာ ဦးရေပါး
ခရမ်းလွန်ရောင်ခြည် သတိထား ။
လူသားတန်ဖိုး တန်ခိုးရှိတာ
မနသတ္တ ဒုလ္လဘပါ ။

* လောကတစ်ခွင်မာစေကြောင်း
ဤကမ္ဘာမြေသာစေကြောင်း
အသက်ဝစွာရှုစေကြောင်း
လေကောင်းလေသန့်ရစေကြောင်း
လူပေါင်းများစွာစုကာပေါင်း
သစ်၊ ဝါး၊ စိုက်ကြစေလိုကြောင်း ။ ။

**ဟာမိုနီ**



# ဆီထွက်သီးနှံ နေကြာစိုက်ပျိုးနေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေး

**မိုးနဲ ဇွန် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးဧကများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက် နံနက် ၁၀ နာရီက မိုက်ဟိုင်းကျေးရွာအုပ်စု၊ လုံစံကျေးရွာတွင် မိုးနေကြာစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စိုက်ပျိုးရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရေဆင်းစပ်မျိုး တစ်မျိုးနေကြာမျိုးစေ့ထုတ်ငါးဧကအား ခေတ်မီစက်များဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ဆီထွက်သီးနှံများ ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဒေသနှင့်ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ပြည်ပနိုင်ငံ၏ဝယ်လိုအားကြောင့် နယ်စုံဒေသများမှ ဝင်ရောက်လာသည့် နွေပဲတီစိမ်း(အညာရွှေဝါ)များ အရောင်းအဝယ်ကောင်း

**မန္တလေး ဇွန် ၁**

ယခုရက်ပိုင်း မန္တလေးပဲဈေးကွက်အတွင်းသို့ နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးပြီး ပေါ်ဦးပေါ်ဖျားဝင်ရောက်လာသည့် နွေပဲတီစိမ်း(အညာရွှေဝါ)များ ပြည်ပနိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲတီစိမ်း(အညာရွှေဝါ)များသည် နွေသီးနှံအဖြစ် မတ္တရာ၊ စဉ့်ကူး၊ ရေစကြို၊ မြောင်စသည့် နယ်ဒေသများမှ ဝင်ရောက်လာကြောင်း၊ ယခုနှစ် ထွက်ရှိလာသည့် ပဲတီစိမ်းများမှာလည်း ရာသီဥတုကောင်းမွန်မှုကြောင့် ရောင်းတန်းဝင်အဖြစ် အရည်အသွေးကောင်းမွန်ပြီး အလုံးအဖန်များလည်း ပိုမိုကောင်းမွန်လာသည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ် ယနေ့ပေါက်ဈေးအနေဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ပေါက်ဈေးရှိကာ ဈေးကောင်းများရရှိနေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် ပွဲရုံပိုင်ရှင်က ပြောသည်။

"နွေပဲတီစိမ်း(အညာရွှေဝါ)တွေက နယ်စုံကနေ အရေအတွက်များများဝင်ရောက်နေပါတယ်။ ယခုရက်ပိုင်းမှာ ပေါ်ဦးပေါ်ဖျား ပဲတီစိမ်း(အညာရွှေဝါ)တွေ ဈေးကောင်းများနဲ့ အရောင်းအဝယ်တွေ ကောင်းနေတယ်။ နွေသီးနှံအဖြစ် ဒီနှစ်မှာ အထွက်နှုန်းလည်း လျော့ကျမသွားဘဲနဲ့ ပုံမှန်အတိုင်း ထွက်ရှိလာပါတယ်။ မကြာခင်ကာလမှာလည်း နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်စတဲ့ဒေသကနေ ပဲတီစိမ်းတွေလည်း ဝင်ရောက်လာတော့မှာ ဖြစ်ပါတယ်။ ပဲတီစိမ်းက မန္တလေးဈေးကွက်မှာ အဓိကကျပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကို နှစ်စဉ်တင်ပို့နေရပါတယ်။ ဒီနှစ်က တောင်သူတွေ တွက်ခြေကိုက်တဲ့နှစ်လို့ ပြောလို့ ရပါတယ်" ဟု ၄င်းက ပြောသည်။

အဆိုပါ ပဲတီစိမ်းသီးနှံကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စပါးကဲ့သို့ ရာသီမရွေးစိုက်ပျိုးကြပြီး ထွက်ရှိလာကြောင်း၊ ပြည်ပနိုင်ငံများသို့ အဓိက အားထားတင်ပို့ရောင်းချရသည့် သီးနှံဖြစ်ကြောင်း၊ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပဲတီစိမ်းကို ဆောင်းသီးနှံအဖြစ်သာ စိုက်ပျိုးကြကြောင်း သိရသည်။

ပန်းမိုးပြာ

၀-၀-၀-၀-၀-၀-၀

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။

# ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် အစည်းအဝေး ကျင်းပ

**လားရှိုး ဇွန် ၁**

ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဋ္ဌများ၊ ရပ်ကျေးစာရေးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၁ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အစည်းအဝေးတွင် လားရှိုးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်နိုင်ကြရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ မြို့ရွာသန့်ရှင်းသာယာလှပစေရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့၏ ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက်လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ တာဝန်ရှိသူတို့က ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သတင်းပဒေသာ

## ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ တေဇခန်းမ၌ ပြုလုပ်ခဲ့ရာ ကလောခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူမိဘများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

## မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊စာစောင်များ ငှားရမ်းပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များသို့ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက် ၉နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ကြားနိုင်ရေး မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၁ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း(စေတုတ္တရာ)တွင် ကျင်းပခဲ့ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ မေ ၃၁ရက် နံနက် ၉ နာရီက (၁)နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဘက်စုံပညာရည်ဖွံ့ဖြိုးတိုးတက်ရေးမှတ်တမ်းများ ရေးသွင်းနိုင်ရေး ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် အခြေခံပညာအဆင့် ဘက်စုံပညာရည်ဖွံ့ဖြိုးတိုးတက်ရေး မှတ်တမ်းများ ရေးသွင်းနိုင်ရေးအတွက် မြို့နယ်အဆင့် ဆွေးနွေးပွဲသင်တန်းကို မြို့နယ်ပညာရေးမှူးရုံး၌ ယမန်နေ့ မွန်းလွဲ ၁နာရီက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ ၁၀၂ဦး တက်ရောက်ခဲ့ရာ သင်တန်းကာလ ၁ရက်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသခန်းမဆောင်တွင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို မေ ၃၁နေ့ နံနက် ၈နာရီမှ ၁၂နာရီထိ အပတ်စဉ်သောကြာနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

## မြို့သစ်မြို့နယ် အထက(၁)တွင် ကျောင်းအပ်နှံရေးဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနားကို "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မေ ၃၁ရက် နံနက် ၉ နာရီက မြို့သစ်မြို့နယ် အထက(၁) အခြေခံပညာအထက်တန်းကျောင်း (ရတနာခန်းမ) ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

# အရန်မီးသတ်တပ်ဖွဲ့က သံဃာတော်များအား ဆွမ်းလောင်းလှူဒါန်း



**မန္တလေး ဇွန် ၁**

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၈လမ်းနှင့်၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံး၏ (၁၅၄)အကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို မေ ၃၀ရက် နံနက် ၅နာရီက ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် ပြုလုပ်ကြသည်။

အဆိုပါ ဘုံဆွမ်းလောင်းလှူရာတွင် ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော သံဃာတော်အပါး ၁၀၀ ကျော်အား မြို့နယ် အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ (၁၅၄) အကြိမ်မြောက်အဖြစ် သံဃာတော်များအား ဆွမ်း၊ ဆိတ်သားချက်၊ ဘဲဥချက်၊ ကုလားပဲနှပ်၊ ငါးလေးခြောက်ကြော်၊ ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ ကန်စွန်းရွက်ကြော် စသည့် ဆွမ်း၊ ဆွမ်းဟင်းများအား ကုသိုလ်ပြု လောင်းလှူကြကြောင်း သိရသည်။

(ယာပုံ)

(ကဆ)

---

# မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ ပညာသင်ထောက်ပံ့ကြေး၊စာရေးကိရိယာနှင့်စားသောက်ကုန်များထောက်ပံ့

**မန္တလေး ဇွန် ၁**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် မီးသတ်စခန်းများမှ သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ တွေ့ဆုံပွဲ၊ ပညာသင်ထောက်ပံ့ကြေး၊ စာရေးကိရိယာနှင့်စားသောက်ကုန်များ ထောက်ပံ့ ပေးအပ်ပွဲကို မေ ၂၉ရက် နံနက် ၉နာရီခွဲက ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်းရှိမြို့နယ် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။




အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ၊ မန္တလေး ခရိုင်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများက တိုင်းဒေသကြီး၊ မြို့နယ်နှင့်ဗဟိုမီးသတ်စခန်း မီးသတ်တပ်ဖွဲ့ဝင်မိသားစုများနှင့် စကားအင်းအမြန်လမ်း နယ်မြေ မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား ဆန်(၄)ပြည်နှင့် ကြက်သွန် တစ်ပိဿာစားသောက်ကုန်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးသည် ၂၀၂၄-၂၀၂၅ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားမည့်တပ်ဖွဲ့ဝင်များ၏ သား၊ သမီးတက္ကသိုလ်ကျောင်းသား ၂ဦးအား ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၃၀၀၀၀၊ ကျောင်းသုံး ဗလာစာအုပ် ၂ဒါဇင်ကိုလည်းကောင်း၊ အလယ်တန်းကျောင်းသားများအား ငွေကျပ် ၁၅၀၀၀နှင့် ကျောင်းသုံး ဗလာစာအုပ် ၂ဒါဇင်ကိုလည်းကောင်း၊ မူလတန်းကျောင်းသားတစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှင့် ကျောင်းသုံးဗလာစာအုပ်တစ်ဒါဇင်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဓါပုံ)(ကဆ)

---

# ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များပေးအပ်

**တံတားဦး ဇွန် ၁**

တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၏ အခြေခံပညာနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားမည့် မိသားစုဝင်သားသမီးများအား ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များပေးအပ်ပွဲကို မေ ၃၀ရက် နံနက် ၁၀နာရီက မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကိုလင်းက ရှင်းလင်းပြောကြား ပြောကြားသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝန်ထမ်းမိသားစုဝင် ကျောင်းသား၊ သူများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် ဗလာစာအုပ်များ ၊ စာရေးကိရိယာများကို အသီးသီးပေးအပ်ကြသည်။ တံတားဦးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်တွင် ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းသား၂ဦးအား တစ်ဦးလျှင် ငွေကျပ် ၁သိန်းနှုန်း၊အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ သူ ၅ဦးအားတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၆၀၀၀၀၊ ဗလာစာအုပ် နှစ်ဒါဇင် ၊ ဘောလ်ပင် ၆ချောင်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ သူ ၂ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ဗလာစာအုပ်တစ်ဒါဇင်နှင့်ခြောက်အုပ် ၊ ဘောလ်ပင်(၃)ချောင်း ၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၅ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ၊ ဗလာစာအုပ်တစ်ဒါဇင်နှင့် ခဲတံ (၃)ချောင်းတို့ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

(ကဆ)

---

# ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**တန့်ယန်း ဇွန် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့ဝန်ထမ်းမိသားစုများ၏ သား၊ သမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၉ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြီး တာဝန်ရှိသူများနှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှ တက္ကသိုလ်အဆင့် ၄ ဦး၊ အထက်တန်းအဆင့် ၂ ဦး၊ အလယ်တန်းအဆင့် ၂ ဦး၊ မူလတန်းအဆင့် ၉ ဦး စုစုပေါင်း ၁၇ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှ တက္ကသိုလ်အဆင့် ၉ ဦး၊ အထက်တန်းအဆင့် ၁ ဦး၊ အလယ်တန်းအဆင့် ၆ ဦး၊ မူလတန်းအဆင့် ၁၈ ဦး စုစုပေါင်း ၃၄ ဦးတို့အားပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




(ဓါပုံ)(ကဆ)

---

**အသက်သည်**
**သွေး**
**သွေးသည် အသက်**

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

ဝန်ထမ်းတစ်ဦး၏ ဘဝသည် ခက်ခဲသည်။ ကြမ်းတမ်းသည်။ ပင်ပန်းဆင်းရဲမှုများ၊ အနစ်နာခံရမှုများ၊ ချုပ်တည်းသည်းခံမှုများ၊ အချိန်ပေးဆပ်ရမှုများ၊ အသက်နှင့်ရင်း၍ တာဝန်ထမ်းဆောင်ရမှုများ ကြုံတွေ့ရတတ်သည်။ ဝန်ထမ်းအမျိုးအစား များစွာရှိသော်လည်း ဘဝပေးအခြေအနေအရလည်းကောင်း၊ တာဝန်ပေးအပ်၍ သော်လည်းကောင်း နေရာအမျိုးမျိုး၊ ဌာနအမျိုးမျိုးတို့တွင် တာဝန်ထမ်းဆောင်ရသူများလည်း များစွာရှိခဲ့ကြသည်။ တချို့ ပုဂ္ဂလိကဝန်ထမ်း၊ အစိုးရဝန်ထမ်းမျိုးစုံ တာဝန်ထမ်းဆောင်ဖူးသော်လည်း အချို့မှာ နိုင်ငံ့ဝန်ထမ်းအဖြစ် နေရာဌာနမျိုးစုံ တာဝန်ထမ်းကြရပေသည်။

စာရေးသူ ကျွန်တော်ကိုယ်တိုင်ပင် ငယ်စဉ်က နိုင်ငံ၏အကြီးဆုံးသောဌာနကြီးတွင် စက်မှုလက်မှုတာဝန်ကို ကျောင်းနေရင်း ထမ်းဆောင်ခဲ့သည်။ ထို့နောက် (၈၈)အရေးအခင်းမတိုင်ခင် မန္တလေးတိုင်းဒေသကြီး နို့ထွက်ပစ္စည်းဖွံ့ဖြိုးရေးစီမံကိန်း (M.D.D.P)စက်ရုံတည်ဆောက်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုတည်ဆောက်ရေးစက်မှုအင်ဂျင်နီယာဌာနတွင်ရှိနေစဉ် ဦးသန်းအောင်(ပညာရေးဝန်ကြီး-ငြိမ်း)နှင့်အတူတကွ ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်ခဲ့ရသည်။ (၈၈)အရေးအခင်းနောက်ပိုင်းတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ တပ်မတော်ကုန်တိုက်ဆောက်လုပ်ရေး(မန္တလေး)တို့တွင် ဆရာကြီး ဦးဝင်းထိန် ဦးဆောင်သော (မြန်မာအင်ဂျင်နီယာဆောက်လုပ်ရေးနှင့်အတိုင်ပင်ခံအဖွဲ့)တွင် တာဝန်ထမ်းဆောင်သည်။ ထိုကာလသည် တက္ကသိုလ်များဖွင့်ပြီဖြစ်သဖြင့် ပညာရေးကို ငဲ့ကွက်၍ အလုပ်မှနားကာ ပညာရေးကို အဆုံးသတ်ခဲ့သည်။ ရတနာပုံသတင်းစာတွင် အယ်ဒီတာတာဝန် ထမ်းဆောင်ခွင့်ရခဲ့သော်လည်း မိဘကျန်းမာရေးကြောင့် ရေရှည်မလုပ်နိုင်ခဲ့ပေ။ ပရိုက်ဗိတ်ကျူရှင်ဆရာ၊ စေတနာကျောင်းဆရာ(ကဒူးကနန်းနယ်)တို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ပြီး နယ်မြေ မအေးချမ်းမှုကြောင့် မန္တလေးမြို့သို့ ပြန်ခဲ့ရသည်။ အအားမနေနိုင်သဖြင့် ရှမ်းမြောက်ဒေသ၊ မိုးကုတ်၊ ပုသိမ်တို့သို့ ကုန်တင်ယာဉ်တစ်စီးဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးနှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်းများကို ပုသိမ်ကြီးနယ်မှ ငါးကန်များငှားရမ်းလုပ်ကိုင်ခဲ့သည်။ ထို့နောက် ပရိဘောဂအလုပ်ရုံထောင်၍ ပရိဘောဂလုပ်ငန်းလုပ်ကာ နိုင်ငံတော်၏ဌာနကြီးတစ်ခုထံ တင်သွင်းခဲ့သည်။ မိဘ၏ ကျောက်မျက်ဖက်စပ်တူးဖော်ရေး(မိုးကုတ်)လုပ်ငန်း လုပ်ကိုင်ခွင့်ရခဲ့သော်လည်း ဝါသနာမပါသဖြင့် ကူညီလုပ်ဆောင်ပေးခြင်းသာ ဆောင်ရွက်ခဲ့သည်။ တွင်းလုပ်ငန်း၊ အရောင်းအဝယ်နှင့်ပတ်သက်၍ ဗဟုသုတအနည်းငယ် ရခဲ့သည်။ နိုင်ငံတော်မှကျင်းပသော ကျောက်မျက်ပြပွဲကြီးတွင် ကိုယ့်ဖက်စပ်မှထွက်သော ကျောက်မျက်ကို ကိုယ်တိုင်တင်ပြရောင်းချခွင့်ရခဲ့သည်။ ထိုကျောက်မျက်ပြပွဲများတွင် မိမိ၏ငယ်ဆရာ ဗိုလ်ကြီးဘိုဘို (ပုလဲလုပ်ငန်း-ညွှန်မှူး-ငြိမ်း)နှင့် တွေ့ဆုံ၍ပြပွဲမှ မိမိနှင့်မသက်ဆိုင်သော အခြားတာဝန်များ၊ ပြန်ကြားရေးပိုင်းနှင့်ဆက်သွယ်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ရသည်။ အတွေ့အကြုံရချင်သောကြောင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီတစ်ခုသို့ ဝင်ခဲ့သည်။ ရန်ကုန်မြို့ သမ္မတအိမ်တော်အနီး ကန်တိုမင်ဧရိယာတွင် ပထမဆုံးဖွင့်ခွင့်ရသောကုမ္ပဏီ Pan Ameracan ၏အခွဲ Indo Ameracan တွင် ဖြစ်သည်။ မန္တလေးရုံးခွဲမှ လစဉ်တစ်လတစ်ကြိမ် ထိုရုံးချုပ်သို့ အစည်းအဝေးသွားရောက်တက်ခဲ့ရသည်။ ထိုကုမ္ပဏီတွင် လစာ၊ ခရီးစရိတ်၊ ယာဉ်စီးစရာ အဆင်ပြေစွာရရှိခဲ့သည်။ နိုင်ငံရေးအခြေအနေအရ နိုင်ငံခြားကုမ္ပဏီများပြန်ရသဖြင့် အလုပ်မှ နားခဲ့ရသည်။ ထို့နောက် ဝါသနာပါရာ စာပေရေးသားခြင်းအလုပ် ဆက်လုပ်ခဲ့ရင်း မန္တလေးနေ့စဉ်သတင်းစာတိုက်တွင် အယ်ဒီတာ တာဝန်ထမ်းဆောင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

မိမိမှာ ကျောင်းတက်နေရင်း အလုပ်လုပ်ရင်း၊ နိုင်ငံရေးအခြေအနေဆိုးများနှင့် ကြုံရသောကြောင့် ကျောင်းနား၊ အလုပ်နားဖြင့် ဘဝမျိုးစုံ ကျင်လည်ခဲ့ရသည်။ ထို့သို့ ကျင်လည်ရင်း ရှမ်းပြည်မြောက်ပိုင်းမြို့များအပြင် နယ်စပ်မြို့များ၊ မူဆယ်၊ နမ့်ခမ်း၊ ချင်းရွှေဟော်၊ လောက်ကိုင်တို့ကိုလည်း ရောက်ခဲ့သည်။ ကချင်ပြည်နယ်၊ ကဒူးကနန်းနယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းလည်း ရောက်ခဲ့သည်။ အောက်ပြည်အောက်ရွာ ရန်ကုန်၊ မော်လမြိုင်တို့တွင်လည်း ကျင်လည်ခဲ့ရသည်။ အလုပ်ခွင်များ၏ ခေါ်ဆောင်ရာ လိုက်ပါခဲ့ရသည်။ ရှမ်းပြည်တောင်ပိုင်းမြို့များလည်း စုံခဲ့သည်။ ငယ်စဉ်ကပင် အလုပ်ခွင်အတွေ့အကြုံ၊ ဒေသန္တရဗဟုသုတအတော်အသင့် စုမိဆောင်းမိရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသားဘဝတွင် ကျောင်းစရိတ်နှင့် မိဘအထောက်အကူပြုရန် မက္ကင်းနစ်၊ ပလတ်စတစ်ပုံလောင်း (နိုင်ငံတော်တံဆိပ်၊ ကော်ဂျက်)လုပ်ခြင်း၊ အခြားဝင်ငွေရ လက်မှုပညာငယ်များ၊ ဗျောက်အိုး၊ အအေးစုပ်ပိုက်၊ ရွှေချည်ထိုးပန်းချီဆွဲ၊ ရွှေချည်ထိုးလုပ်ငန်းများဖြင့် လုံးလည်လိုက်ရင်း အဆင်ပြေပြေ တက္ကသိုလ်အထိ ရောက်ခဲ့သည်။ ငယ်စဉ်ကတည်းကပင် အလုပ်အကိုင်နှင့်ပတ်သက်၍ မိခင်၊ ဖခင်တို့၏ ဆုံးမစကားကို ဦးထိပ်ထား၍ ကြိုးစားလုပ်ကိုင်ခဲ့သည်သာ ဖြစ်သည်။ မည်သည့် အလုပ်ကိုမဆို မခိုမကပ် တာဝန်ယူစိတ်ဖြင့် စိတ်ကောင်းစေတနာထားလုပ်တတ်ရန် မိခင်၊ ဖခင်တို့က အထူးသွန်သင်ဆုံးမပြပေးခဲ့ကြသည်။ ဖခင်ဖြစ်သူက -

(၁) တတ်အောင်သင်(မည်သည့်အလုပ်မဆို တတ်သင့်တတ်ထိုက်သည်များ အကုန်အစင်တတ်မြောက်ထားအောင် အလုပ်လုပ်ရင်း သင်ယူ၊ သင်ယူရင်း အလုပ်လုပ်၊ မလုပ်ခင်ကလည်း လေ့လာ)

(၂) စေတနာထား(မည်သည့်အလုပ်အပေါ်တွင်မဆို ကောင်းနိုင်သမျှကောင်း၊ ဖြူစင်နိုင်သမျှ ဖြူစင်အောင်လုပ်)

(၃) အချိန်ပေး (မည်သည့်အလုပ်မဆို လိုအပ်ပါက အချိန်ပေးနိုင်သလောက် ပိုပေး၊ သူများတစ်နာရီလုပ်လျှင် ကိုယ်က တစ်နာရီ ၁၅ မိနစ်လုပ်)

(၄) လုပ်အားပေး (သူများ ၁၀ ထုပ် မ,ရင် ကိုယ့်က ၁၁ ထုပ် မ,နိုင်အောင်လုပ်) ဆိုပြီး သင်ကြားပေးထားသည်။ ထိုသွန်သင်ချက်ကိုလည်း ယနေ့တိုင် လိုက်နာဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲသာ ဖြစ်သည်။

စာပေဖတ်ရှုရေးသားခြင်းကို ငယ်စဉ်ကပင် ဝါသနာပါသဖြင့် အလယ်တန်းကျောင်းသားဘဝတွင် ပုံနှိပ်စာမျက်နှာထက် ပါဝင်နိုင်ခဲ့သည်။ တည်းဖြတ်ခြင်းပညာကို အထက်တန်းကျောင်းသားဘဝကတည်းက ငယ်ဆရာဖြစ်သော မြန်စာဂုဏ်ခင်မောင်ရင်(တပ်မတော်ပညာရေး)ဗိုလ်တထောင်၊ ကြေးမုံသတင်းစာ ပင်တိုင်ဆောင်းပါးရှင်က သင်ကြားပေးခဲ့သည်။ သတင်းစာပညာ အခြေခံစာတွေ့ကို သူငယ်ချင်း၏အစ်ကို မိမိအားလည်း ညီငယ်ကဲ့သို့ ချစ်ခင်သော ဗကထွန်းထွန်းလှိုင်ထံမှ ရရှိခဲ့သည်။ သတင်းစာတိုက်ဆိုသည်ကို မမြင်ဖူး၊ မရောက်ဖူးခင် ငယ်စဉ်ကတည်းက သတင်းစာပညာကို တီးမိခေါက်မိသိခဲ့သည်။ ရတနာပုံသတင်းစာတည်ထောင်စက မိမိ၏ဝါသနာကိုလည်းသိ၊ မိမိအားလည်း ချစ်ခင်သော တပ်မတော်ထောက်လှမ်းရေးတပ်မှ တာဝန်ရှိသူအချို့က ရတနာပုံတွင် အလုပ်ဝင်ရန် ပို့ဆောင်ပေးမှုဖြင့် ရောက်ရှိခဲ့သည်။ ဝိတ်ဖြင့်ဝင်လာသည်ဟု အထင်ရှိ၍ထင် အင်တာဗျူး ဝိုင်းမေးရာ သတင်းစာနှင့်ပတ်သက်၍ မဖြေနိုင်သည်မရှိခဲ့။ ထို့ကြောင့် ကျေနပ်စွာ ခန့်ထားပေးခဲ့ကြသည်။ သို့သော် ဖခင်၏ကျန်းမာရေးကြောင့် ရန်ကုန်မြို့သို့ သွားရောက်ရမည်ဖြစ်သဖြင့် ရေရှည်မလုပ်နိုင်ခဲ့။ လုပ်ချင်သော်လည်း စွန့်လွှတ်ခဲ့ရသည်။ အဆင်ပြေသောအချိန်တွင် ပြန်လာရန်လည်း မှာကြားလိုက်သေးသည်။

မန္တလေးသို့ ပြန်မရောက်မီ မန္တလေးနေ့စဉ်သတင်းစာဖွင့်မည်ဆိုသည့်အကြောင်း လုပ်ကိုင်မည်ဆိုပါက ဆက်သွယ်ရန် အကြောင်းကြားမှု လက်ခံရရှိခဲ့သည်။ ခရီးလွန်နေ၍ မလာဖြစ်ခဲ့။ မန္တလေးပြန်ရောက်သည့်အခိုက် တရားဝင် အင်တာဗျူးရန် ခေါ်ဆိုခဲ့၍ မန္တလေးနေ့စဉ်တွင် အယ်ဒီတာ တာဝန်ဖြင့် စတင်ခန့်အပ်တာဝန်ယူခဲ့ရသည်။ တာဝန်စတင်ထမ်းဆောင်သည်နှင့် မိမိတာဝန်ကို ပီပြင်စွာထမ်းဆောင်နိုင်ခဲ့သည်။ နေ့တွင်သာ တာဝန်ပေးသော်လည်း ညတာဝန်ပါ တတ်လို၍ သိလို၍ တာဝန်ထမ်းဆောင်ခဲ့သည်။ အလုပ်ဝင် သုံးလတွင် စက်ရိုက်မိန့်ပေးပိုင်ခွင့်မရှိသော်လည်း လိုအပ်ချက်အရ သုံးရက်မပြည့်မီတွင် နေ့၊ ည တာဝန်ခံ စက်ရိုက်မိန့် ပေးခဲ့ရသည်။ အယ်ဒီတာချုပ်ဆရာကြီး နတ်မောက်ထွန်းရှိန်၏ အမျိုးသားစာပေဆုရခဲ့သည့် 'ဝင်းတွေနှင့်တည် မင်းနေပြည်' စာအုပ်ကို ထုတ်ဝေရန် စာစစ်၊ စာပြင်ကိုလည်း နေ့၊ ည ဆောင်ရွက်ပေးခဲ့သည်။ သတင်းစာတာဝန်လည်း မလစ်ဟင်းစေရ။ ထိုစဉ်က မန္တလေးနေ့စဉ်သတင်းစာသည် နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုက်ရိုက်ကိုင်တွယ်မှု လက်အောက်တွင် ရှိခဲ့သည်။ အစစအရာရာ တာဝန်ကြီးလှသည်။ တိုင်းစစ်ဌာနချုပ်နှင့် အယ်ဒီတာ တိုက်ရိုက်ဆက်သွယ်၍ သတင်းကိစ္စ ဆောင်ရွက်ရသည်။ အမှားအယွင်းအတိမ်းအစောင်းရှိခဲ့လျှင် တပ်မတော်ထောက်လှမ်းရေးတွင် အယ်ဒီတာက တိုက်ရိုက်ဖြေရှင်းဆောင်ရွက်ရသည်။ အယ်ဒီတာ မလုံလောက်၍ နားရက်မရှိ တာဝန်ထမ်းဆောင်ခဲ့ရသော နှစ်များလည်း ရှိခဲ့သည်။ အယ်ဒီတာ နှစ်ဦး၊ နေ့ ၁၅ ရက်၊ ည ၁၅ ရက် အလှည့်ကျ တာဝန်ယူခဲ့သည်။ နေ့နှင့်ည တာဝန်ပြောင်းလျှင် ထိုနေ့ နေ့တာဝန်ကျက ညတာဝန်ပါ တွဲယူရသည်။ တာဝန်ချိန်နှင့်တွက်ပါက တစ်လ ရက် ၃၀ ရှိသောလတွင် ၃၁ ရက်စာ တာဝန်ထမ်းဆောင်ခဲ့ရသည်။ ည ကွန်ပျူတာဝန်ထမ်းနှင့် ဖြန့်ချိရေးဝန်ထမ်းများ နုတ်ထွက်သွား၍ ပြင်ပမှ ကွန်ပျူတာသမားတစ်ဦးအား မိမိစရိတ်ဖြင့် ခေါ်ယူ၍ သတင်းစာထွက်အောင် ဆောင်ရွက်ခဲ့ရသည့်နေ့များ ရှိခဲ့ဖူးသည်။ မနက်တွင် ထွက်ရှိလာသောသတင်းစာကို တိုင်းမှူး၊ မြို့တော်ဝန် စသည့်အိမ်များသို့ အယ်ဒီတာကိုယ်တိုင် စက်ဘီးဖြင့် ပို့ဆောင်ခဲ့ရသည့်ရက်များလည်း များစွာကျော်ဖြတ်ခဲ့ရသည်။ နိုင်ငံတော်သတင်းနှင့် လူကြီးသတင်းများရယူရန် အယ်ဒီတာတစ်ဦးတည်း ညသန်းခေါင်ကျော်တွင် စက်ဘီးတစ်စီးဖြင့် တိုင်းစစ်ဌာနချုပ်၊ ရတနာပုံသတင်းစာတိုက်များသို့ သွားရောက်ယူဆောင်ခဲ့ရသည်။ နိုင်ငံတော်အကြီးအကဲ လာရောက်ပါကလည်း အယ်ဒီတာကိုယ်တိုင် နိုင်ငံတော်အကြီးအကဲထံ သတင်းစာ ပို့ဆောင်ပေးခဲ့ရသည်။ ပြင်ဦးလွင်သို့လာလျှင် ပြင်ဦးလွင်အထိ စီစဉ်ပေးသောမော်တော်ယာဉ်ဖြင့် အယ်ဒီတာက ပို့ဆောင်ပေးရသည်။ အယ်ဒီတာသည် ထိုစဉ်ကာလများက သတင်းစာတိုက်တွင် မရှိမဖြစ်၊ မပါမပြီး၊ ဖြစ်သမျှတာဝန်ခံ၊ ဖြေရှင်းရေးတာဝန်ခံများ ဖြစ်ခဲ့သည်။ ဌာနမှ တာဝန်ရှိသူများကလည်း အယ်ဒီတာကို တိုက်ရိုက်ညွှန်ကြားတွေ့ဆုံ၍ အရေးတယူ တာဝန်ပေးအပ်သည်။ လုပ်ငန်းလိုအပ်ချက် တင်ပြပါကလည်း အရေးတယူဆောင်ရွက်ပေးသည်။ နဝတခေတ်က မန္တလေးတက္ကသိုလ်၏ ပထမဦးဆုံး စာကြည့်တိုက်နှင့်သုတပညာဘွဲ့လွန်သင်တန်း တက်ရောက်ရာ၌လည်း တွဲဖက်အတွင်းရေးမှူးက အလုပ်ချိန်မှအစ ငွေကြေးအဆုံး တာဝန်ယူပေးခဲ့သည်။ အလုပ်ချိန်သာ သင်တန်းအတွက်ယူခဲ့ပြီး ငွေကြေးအထောက်အပံ့မယူခဲ့ပေ။ မဟာဝိဇ္ဇာ ဆက်တက်ရန်လည်း ခွင့်ပြုပေးသည်။ သို့သော် တာဝန်နှင့်မိသားစုကိုငဲ့၍ ဆက်လက်မတက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က မန်းစည်ပင်-ဆက်/ပြန်ဌာနဖြစ်ကာစ အနော်မာမဂ္ဂဇင်းထုတ်ဝေခဲ့သည်။ P.G.D.LIS ဘွဲ့လွန်စာတမ်းကို မိမိဌာနမှ ထုတ်ဝေသော အနော်မာမဂ္ဂဇင်း ဖတ်ညွှန်းစာတမ်းဖြင့် တင်သွင်းဘွဲ့ယူခဲ့သည်။ မန္တလေးတက္ကသိုလ်စာကြည့်တိုက်၊ ရန်ကုန်အမျိုးသားစာကြည့်တိုက်တို့တွင် မိမိနှင့်ကျောင်းအတူတက် ဇနီးသည်တို့ ပြုစုထားသော အနော်မာမဂ္ဂဇင်းဖတ်ညွှန်းစာတမ်းများ၊ ရွှေရောင်ဖောင်းကြွစာလုံးဖြင့် ခန့်ညားစွာ တင်ရှိထားသည်။ ဌာန၏အကျိုးကို ပညာသင်ယူရင်း၊ တာဝန်ထမ်းဆောင်ရင်း ရသမျှဆောင်ရွက်မှတ်တမ်းတင်ပေးခဲ့ခြင်းဖြစ်သည်။ တာဝန်ရှိသောဌာနမှ လူကြီးများ၏စေတနာကို ဌာနတွင် ကျေပွန်အောင် ထက်ပို၍ စွမ်းဆောင်ပေးခဲ့သည့်အပြင် ဌာန၏ဆောင်ရွက်ချက်ကို မပျောက်ပျက်အောင် စာတမ်းရေးမှတ်တမ်းတင်ပေးနိုင်ခဲ့သည်။

**(ဆက်လက်ဖော်ပြပါမည်။)**




## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၈)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးအောင်မြင့်သိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ တရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စုမြတ်သိန်း(ဘ)ဦးသိန်းဝင်း(၅/စကန(နိုင်)၂၂၂၅၁၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ပြည့်စုံထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၃၆လမ်းနှင့်၃၇လမ်းကြား၊ ၆၉လမ်းနှင့်လမ်း၇၀ကြား၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၇၆၂၂၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ် (၄၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးထွန်းအောင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မိုးမိုးသွယ်(ဘ)ဦးစက်စော(ခ)ဦးလောစောင်(၁/ဗမန(နိုင်)၀၅၄၅၃၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်အိအိနိုင်(LL.B) ဒေါ်ပြည့်စုံထွေး(LL.B) ဒေါ်စုစုလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၆၅လမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၉၆၄၁၄၊ ၀၉-၇၉၇၅၁၃၉၁၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၅)၊ ဦးပိုင်အမှတ်(၃၂-က)၊ ဧရိယာ(၀ ဒသမ ၀၂၃၀)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC (၃)ထပ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် တရားဝင် လက်ရှိ နေထိုင်ပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှထွန်း(ဘ) ဦးသန်းညွန့်(၉/မရမ(နိုင်)၀၀၁၁၄၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မှတ်ပုံတင်မူရင်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးနိုင်ဝင်းအောင် ဒေါ်အေးမိုးအောင် (LL.B)**
**စာချုပ်စာတမ်းနှင့်မြေယာအကျိုးတော်ဆောင် အထက်တန်းရှေ့နေ**
**ဈေးချိုမင်္ဂလာစံရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၅၈၄၉၊ ၀၉-၇၈၅၅၁၁၅၄၄**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃၂၂)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဦးသိန်းဝင်း အမည်ဖြင့် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(5650/1993-1994)အရ (၆-၁-၁၉၉၃)ရက်မှ (၅-၁-၂၀၂၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပြီး ဦးသိန်းဝင်း၏ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းရွှေစင်ထံမှ ဦးညီညီသည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးညီညီ(၉/မထလ(နိုင်) ၁၇၇၁၄၁)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၆)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒုတက ထန်ဘီလွင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး (၁)ထပ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဟောင်ရှန်ချင်(ဘ)ဦးဟောင်ဆယန်ဘန်(၁၃/မဆတ(နိုင်)၀၄၇၀၂၆)ထံမှ ကျွန်ုပ်တို့၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**
**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့) ဦးထက်ပိုင်စိုး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ထက်ထက်လှိုင် ဒေါ်သိမ့်သစင် ဒေါ်ဝင်းမာ ဦးကျော်ရဲအောင်**
**(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေများ**
**ရုံးခန်း – လမ်း၃၀နှင့်၃၁လမ်းကြား၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၅၉၂၆ ၊ ၀၉-၇၉၇၃၅၀၀၇၁ ၊ ၀၉-၄၀၂၆၄၇၆၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပုလိပ်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၃)၊ ဦးပိုင်နံပါတ်(၃၆၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးသင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းယုလှိုင်(ဘ)ဦးသောင်းလှိုင်(၉/အမရ(နိုင်)၁၀၅၃၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး(LL.B,LL.M) ဒေါ်အိအိမွန်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးစုထွန်း(LL.M) ဦးဝေဖြိုးသူ(LL.B) ဦးဖြိုးသာခန့်(LL.B) ဒေါ်ကောင်းစုဝမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၆၀၆၀၄၁**

## အသိပေးကြေညာချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် တမ္ပဝတီဈေးရှိ ဈေးဆိုင်ခန်းရှင်များမှ လစဉ်ဆိုင်ခန်းငှားရမ်းခများ ပေးဆောင်ရန် ပျက်ကွက်နေသဖြင့် (၁၅.၂.၂၀၂၄)ရက်၊ (၂၉.၂.၂၀၂၄)ရက်၊ (၂၉.၃.၂၀၂၄)ရက်နှင့် (၂၄.၄.၂၀၂၄)ရက်များတွင် အဖွဲ့ရုံး၊ မြို့မဈေး၊ တမ္ပဝတီဈေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကြော်ငြာသင်ပုန်း)နှင့် ရပ်ကွက်(၁၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာစာများ ထုတ်ပြန်၍ အသိပေးကြေညာခြင်း၊ (၅.၅.၂၀၂၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် (၂၂.၅.၂၀၂၄)ရက်တွင် နောက်ဆုံးထား၍ ဆိုင်ခန်းငှားရမ်းခများ လာရောက်ပေးဆောင်ရန် ပထမအကြိမ် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ဈေးဆိုင်ခန်း(၆၈)ခန်း၏ ဈေးဆိုင်ခန်းရှင်များအနေဖြင့် ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ (၂၂.၆.၂၀၂၄)ရက် နောက်ဆုံးထား၍ ကြွေးကျန်များ ပေးဆောင်သွားရန်နှင့် လာရောက်ပေးဆောင်ခြင်းမရှိသည့် ဆိုင်ခန်းများအား အဖွဲ့ပိုင်ဈေးများ စစ်ဆေးတားမြစ်ညွှန်ကြားအရေးယူဆောင်ရွက်ရန် ကျန်းမာသန့်ရှင်းမှု၊ လုံခြုံမှုနှင့် အုပ်ချုပ်မှုဆိုင်ရာစည်းကမ်းအပိုဒ်(၂၁)အရ ဆိုင်ခန်းအလွတ်အဖြစ် သတ်မှတ်ပြီး ဈေးဆိုင်ခန်းသိမ်းဆည်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယအကြိမ် အသိပေးကြေညာအပ်ပါသည်–

(A)ရုံဆိုင်ခန်းအမှတ်(၆)၊ (D)ရုံဆိုင်ခန်းအမှတ်(၁၃)၊ (F)ရုံဆိုင်ခန်းအမှတ်(၈)၊ (H)ရုံဆိုင်ခန်းအမှတ်(၄)၊ (I)ရုံဆိုင်ခန်းအမှတ်(၃၀)၊ (၅၅)၊ (၅၉)၊ (၆၃)၊ (၆၅)၊ (J)ရုံဆိုင်ခန်းအမှတ်(၆)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၂)၊ (၃၀)၊ (၃၅)၊ (၃၈)၊ (၄၀)၊ (၄၂)၊ (၄၈)၊ (၄၉)၊ (၅၃)၊ (၅၆)၊ (K)ရုံဆိုင်ခန်းအမှတ်(၁၆)၊ (၃၂)၊ (၅၄)၊ (၆၁)၊ (၇၀)၊ (M)ရုံဆိုင်ခန်းအမှတ်(၅)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၃၁)၊ (၃၂)၊ (၃၃)၊ (၃၅)၊ (၃၉)၊ (၄၁)၊ (၄၅)၊ (၄၆)၊ (၅၇)၊ (၆၃)၊ (၆၅)၊ (N)ရုံဆိုင်ခန်းအမှတ်(၉)၊ (၄၂)၊ (၅၈)၊ (O)ရုံဆိုင်ခန်းအမှတ်(၈)၊ (၁၂)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၅၀)၊ (၅၇)၊ (၆၀)၊ (၆၆)၊ (P)ရုံဆိုင်ခန်းအမှတ်(၁၂)၊ (၁၉)၊ (၃၂)၊ (၄၀)၊ (၄၁)၊ (၄၂)၊ (၄၄)၊ (၄၇)၊ (၅၁)၊ (၅၅)၊ (၅၇)၊ (၆၁)၊ (၇၀)။

**ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့.**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် အခြေခံပညာကျောင်းများမဖွင့်မီ ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေး





**မန္တလေး ဇွန် ၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်း ပျော်ရွှင်စွာဖြင့် စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဥပဓိရုပ်များ ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ အမြင်တင့်တယ်စေရေးအတွက် အခြေခံပညာကျောင်းများဖွင့်လှစ်ချိန်အမီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ကြည်ခိုင်တို့သည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင်နှင့် မဟာအောင်မြေခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ပေးနေမှုများနှင့် စာသင်ခန်းများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇)အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ ဆက်လက်၍ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်ရှိ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် စာသင်ခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်ရှိ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် ချင်းတွင်းဆောင် RCC ၃ ထပ် စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ချင်းတွင်းဆောင် RCC ၃ ထပ် စာသင်ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူပြီး ချန်ပီယံလိဂ် ချန်ပီယံဆုအား ဆွတ်ခူး

**မက်ဒရစ် ဇွန် ၁**

ဥရောပ ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ် အချိန်က အင်္ဂလန်နိုင်ငံ၊ ဝင်ဘာလေကွင်းကြီးတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။




ပထမပိုင်းပွဲစသည်နှင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ တစ်ဖက်နှင့်တစ်ဖက် တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲကကြည့်ကောင်းနေခဲ့သည်။ ပွဲချိန်မိနစ် ၂၀အကျော်တွင် ဒေါ့မွန်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးရနိုင်လောက်သည့် အခြေအနေ သုံးကြိမ်အထိ ဖန်တီးနိုင်ခဲ့သော်လည်း ဂိုးသမားကော်တွိုက်စ်၏ လက်စွမ်းပြမှုကြောင့် ဂိုးရရန် ခက်ခဲခဲ့သလို၊ ဖူးလ်ခရပ်ချ် ကန်ချက်ကလည်း တိုင်ထိမှန်ခဲ့ မှုကြောင့် ဒေါ့မွန်တို့ ဦးဆောင်ဂိုးရရှိနိုင်မည့် အခွင့်အရေးနှင့် လွဲချော်ခဲ့ပြန်သည်။ နောက်ပိုင်းတွင် ရီးရဲလ်မက်ဒရစ်အသင်း၏ ပြန်လည်ထိုးဖောက်မှုများကို ဒေါ့မွန်အသင်းခံစစ်ပိုင်းက အကောင်းဆုံး ပိတ်ဆို့နိုင်ခဲ့ပြီး ပထမပိုင်း ပွဲစဉ်ပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းကသာ ဒေါ့မွန်အသင်းဘက်ကို အကောင်းဆုံး ဖိကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၄မိနစ်တွင် တိုနီကရူးစ်၏ ထောင့်ကန်ဘောမှတစ်ဆင့် ဖြတ်တင်ပေးပို့မှုကို ကာဗာဂျယ်က ပိုင်ပိုင်နိုင်နိုင် ခေါင်းတိုက်ပိတ်သွင်းယူကာ ရီးရဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုး ရယူပေးသွားသည်။ ဆက်တိုက်ဆိုသလို ပွဲချိန် ၈၃မိနစ်တွင် ဒေါ့မွန်ခံစစ်ပိုင်း၏ အမှားမှတစ်ဆင့် ဗင်နီဆီယပ်စ်က အသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူနိုင်ခဲ့သည်။ လက်ကျန်မိနစ်များတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံလိဂ် ချန်ပီယံဆုအား ရယူနိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ချန်ပီယံလိဂ် ချန်ပီယံဆုအား ၁၅ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီသည် ဥရောပဖလား/ ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ချန်ပီယံဆုကို ငါးကြိမ်ထိ ရယူနိုင်သည့် ပထမဆုံး နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ **(NGB)**